ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဋ္ဌဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 5 June 2024 ၁၁၄၇၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

## ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် တစ်နိုင်ငံလုံး သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Academy ပရိဝုဏ်အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည် တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး များနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ယနေ့ ဖတ်စရာ

**သဲကန္တာရဖြစ်ထွန်းမှုတားဆီးရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ဖို့ သစ်တော သစ်ပင်ပြုစုထိန်းသိမ်းစို့**
ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများ အား စုံစမ်းဖော်ထုတ်အရေးယူ**
စာမျက်နှာ » ၁၁



**ကမ္ဘာ့ပထမဆုံး သစ်သားဂြိုဟ်တုကို ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများ တီထွင်**
စာမျက်နှာ » ၁၃

ကြေးမုံ

# အေးချမ်းပျော်ရွှင်စွာပညာသင်ယူ အနာဂတ်ကို အောင်မြင်စွာတက်လှမ်း

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအားလုံးသာမက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများပါ စတင်ဖွင့်လှစ်သင်ကြားပေးနေပြီ ဖြစ်သည်။ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သည့်နေ့တွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅၃၆၇၁၃ ဦး ပညာသင်ကြား ဆည်းပူး လေ့လာနေကြပြီဖြစ်သည်။

ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူအားလုံး စိတ်နှလုံးချမ်းမြေ့စွာဖြင့် တက်ကြွရွှင်လန်းနေသည့် ပညာရေးနှင့်ပတ်သက်သည့် မြင်ကွင်းများမှာ အားတက် ဝမ်းမြောက်စရာဖြစ်သည်။ ပညာလိုလား အမျိုးကောင်းသားတို့သည် မိမိတို့ဘဝ အနာဂတ်အတွက်သာမက တိုင်းပြည်အနာဂတ်အတွက်ပါ အညွန့်တလူလူ လူးလွန့် နေသည့် ပန်းကောင်းအဖူးအပွင့်များပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ပညာရေးကို အားပေးအားမြှောက် ချီးမြှင့်ထောက်ပံ့ပေးမှုများနှင့်အတူ မိဘပြည်သူ၊ ကျောင်းသား ကျောင်းသူများ၏ တက်ကြွရွှင်လန်းသည့် အားမာန်များမှာ နိုင်ငံအနာဂတ်အတွက် အားတက်ဖွယ်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကာလမတိုင်မီ ကတည်းက သက်ဆိုင်ရာ နယ်မြေဒေသအလိုက်ရှိ အခြေခံပညာကျောင်းအသီးသီး ၏ စာသင်ခန်းများ၊ စာသင်ဆောင်များ၊ ကျောင်းပန်းဥယျာဉ်စိုက်ခင်းများ၊ ကျောင်း ကစားကွင်းများ၊ ကျောင်းစာကြည့်တိုက်များ စသည့် ကျောင်းဥပဓိရုပ်ပြည့်စုံ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ထားခဲ့သည်။ ထို့အပြင် ကျောင်းအပ်နှံရေးရက်သတ္တပတ်၌ ကျောင်းသား ကျောင်းသူများ စတင် လက်ခံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမပြုဘဲ အခမဲ့ပညာရေး စနစ်ဖြင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများအပြင် ကျောင်းဝတ်စုံများကိုပါ အခမဲ့ထောက်ပံ့ပေးခဲ့သည်။

ထိုသို့ ကျောင်းမဖွင့်မီ၊ ကျောင်းအပ်လက်ခံစဉ် နိုင်ငံတော်က အစစအရာရာ ထောက်ပံ့ဖြည့်ဆည်းပေးထားသဖြင့် ယခုနှစ် ကျောင်းအပ်ရာသီတွင် ယခင်က ကျောင်းမတက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည် ကျောင်းတက်လာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ ကျန်ရှိနေသေးသော ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့ သားသမီး ရင်သွေးငယ်များ၏ အနာဂတ်ကို တန်ဖိုးထားပြီး ကျောင်းအပ်နှံပညာသင်ကြား နိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ကျောင်းတက်ပညာသင် ပညာတတ်များ ဖြစ်လာခြင်းသည် မိမိတို့ဘဝမြင့်မားတိုးတက်ရေးအတွက်သာမက တိုင်းပြည် အနာဂတ်ကို မြင့်မားတောက်ပြောင်လာအောင် တည်ဆောက်ပေးခြင်းဖြစ်သည်။

လူရယ်လို့ဖြစ်လာလျှင် မိမိအနာဂတ်အတွက် မျှော်လင့်ချက်ကိုယ်စီ ထားရှိကြ မည်ဖြစ်သည်။ မြင့်မားတိုးတက်သောအနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် ပညာသင်ကြားခြင်းသည် အခြေခံအကျဆုံး အရေးပါသည့်အချက်ဖြစ်သည်။ မိမိတို့ ဘဝတွင် အခက်အခဲကိုယ်စီရှိကြမည်ဖြစ်သော်လည်း နိုင်ငံတော်အစိုးရ ပံ့ပိုးကူညီ ဖြည့်ဆည်းပေးမှုများဖြင့် မဖြစ်မနေ ပညာသင်ကြားကြရမည်ဖြစ်သည်။ တစ်ဦး ချင်းစီ၏ ကောင်းမွန်သော ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက် စာသင်နှစ်စကတည်းက ပညာကို ကြိုးစားသင်ယူကြရမည်ဖြစ်သည်။ ပညာတတ် အောင် သင်ယူသင်ကြားကြရုံသာမက စည်းကမ်းရှိအောင်၊ လိမ္မာရေးခြားရှိအောင်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိအောင်၊ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထား တတ်အောင်၊ နိုင်ငံတော်နှင့်မိသားစုက အားထားရသည့် လူကောင်း၊ လူတော်လေး များဖြစ်အောင် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူပြီး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးဆောင်ပုဒ်ဖြစ်သည့် "ကျောင်းနေအရွယ်ကလေးငယ်အားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသောဆောင်ပုဒ်နှင့်အညီ အခြေခံပညာကျောင်းများအပြင် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင်ပါ ကျောင်းသား ကျောင်းသူများကို လက်ခံပညာသင်ကြားပေးနေပြီဖြစ်ရာ ကျောင်းမနေနိုင်သေးသည့် ကျန်ရှိသော ကလေးသူငယ်၊ လူငယ်လူရွယ်များအားလုံး ကျောင်းအပ်နှံပညာ သင်ကြားကြပါရန် တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံ၏ ပညာရေးမျှော်မှန်းချက်ဖြစ် သည့် မျက်မှောက်ကာလ ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ် ဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး အခြေခံပညာများ သင်ယူနိုင်ရန် အခွင့်အလမ်းများကို နိုင်ငံတော်အစိုးရက အစစအရာရာ အတတ်နိုင် ဆုံးဖန်တီးဖော်ဆောင်ပေးထားပြီဖြစ်ရာ မိမိတို့၏အနာဂတ် တိုးတက်ကောင်းမွန် မြင့်မားလာရေး၊ နိုင်ငံတော်၏အနာဂတ် မြင့်မားတောက်ပြောင်လာစေရေးအတွက် သာတူညီမျှအခွင့်အရေးရနေသည့် ပညာရပ်ဝန်း ဝန်းကျင်များတွင် အားလုံးစိတ်အေး ချမ်းမြေ့စွာဖြင့် ပညာဆည်းပူးလေ့လာသင်ယူကြပါရန် အလေးအနက်တိုက်တွန်း အပ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးတင်ယု အိုမန်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၅

အိုမန်နိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် သံအမတ်ကြီး ဦးတင်ယု သည် ၎င်း၏ခန့်အပ်လွှာကို ဇွန် ၃ ရက်တွင် အိုမန်နိုင်ငံ၊ မက်စကတ်မြို့၊ အယ်လ်အလန်းမ် နန်းတော်၌ ဘုရင်မင်းမြတ် ဟိုင်သမ်ဘင်တာရစ် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်



## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး ကို ဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကျိုက်မရောမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ငွေများ ပေးအပ်

ကျိုက်မရော ဇွန် ၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ အခြေခံ သမဝါယမအသင်း နှစ်သင်းမှ အသင်းသားများအား နိုင်ငံ့ စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနား ကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် သမဝါယမဦးစီးဌာန ရုံးခန်းမ ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာနမှူး ဒေါ်သန်းသန်းစိုးက မတည်ထောက်ပံ့ငွေများ ပေးအပ်ရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံသမဝါယမ အသင်း နှစ်သင်းမှ အသင်းသားများထံသို့ မတည်ထောက်ပံ့ ငွေကျပ် ၁၅၃၅၁၆၀၀၀ အားထုတ်ပေးခဲ့ကြောင်း သိရသည်။

မချို(ပြန်/ဆက်)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက် စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင် မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ် ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄-၆-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၁,၀၄၅ | ၉,၄၀၅,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၆,၁၀၅ | ၁၉,၂၃၀,၇၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၇,၆၆၅ | ၁၂,၆၄၇,၂၅၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၅ | ၁၃,၅၀၀ |
| EFR | ၁,၇၅၀ | ၁,၈၀၀ | ၃၄၃ | ၆၀၂,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁ | ၄,၇၀၀ |
| MAEX | ၂,၄၅၀ | ၂,၅၅၀ | ၉၁၀ | ၂,၂၆၄,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိက ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်တွင် စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသည့် သင်ကြားသင်ယူ လေ့ကျင့်မှုများမှ တစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးနိုင်မည့် အဆင့်မြင့်ပညာရပ်များသင်ယူရာ တက္ကသိုလ်တစ်ခုကို တည်ထောင်ဖွင့်လှစ်ရန်ဟူသည့် ရည်မှန်းချက်ဖြင့် ဖွင့်လှစ်ခဲ့သည့် Naypyitaw State Academy ပရိဝုဏ်အတွင်း၌ ကျင်းပခြင်းဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်စေရေး၊ ရာသီဥတုသာယာမျှတစေရေး၊ သစ်ပင်သစ်တော စိုက်ပျိုးပြုစု ထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေး စသည့်ရည်ရွယ်ချက်များနှင့် ယခုသစ်ပင်စိုက်ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျိုးပင်အား စိုက်ပျိုးပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစတင်ပြီး နှစ်စဉ်သစ်ပင်စိုက်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအခါ နေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ရှစ်ကြိမ်၊ ပျိုးပင်ပေါင်း ၁၂၄၅၅ ပင်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက သစ်ပင်စိုက်ပျိုးပွဲ ရှစ်ကြိမ် ပျိုးပင်ပေါင်း ၃၀၁၅၄ ပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နိုင်ငံနှင့်အဝန်း မိုးကြိုနှင့်မိုးရာသီသစ်ပင်စိုက်ပွဲပေါင်း ၁၁၄၇ ပွဲ၊ ပျိုးပင်ပေါင်း ၇၇၅၁၉၂ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး ပြည်သူများအားလုံး ပူးပေါင်းပါဝင်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ဦးဆောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစတင်ပြီး နှစ်စဉ်သစ်ပင်စိုက်ပွဲများ ကျင်းပလာခဲ့သည်မှာ ယခုအခါ နေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ ရှစ်ကြိမ်၊ ပျိုးပင်ပေါင်း ၁၂၄၅၅ ပင်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက သစ်ပင်စိုက်ပျိုးပွဲ ရှစ်ကြိမ် ပျိုးပင်ပေါင်း ၃၀၁၅၄ ပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့

❖ နိုင်ငံ နှင့်အဝန်း မိုးကြိုနှင့်မိုးရာသီသစ်ပင်စိုက်ပွဲပေါင်း ၁၁၄၇ ပွဲ၊ ပျိုးပင်ပေါင်း ၇၇၅၁၉၂ ပင်ကို စိုက်ပျိုးနိုင်ခဲ့

ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုး ခြောက်မျိုး၊ အပင် ၁၀၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပရိဝုဏ်နှင့် လိုက်ဖက်မည့် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက် သစ်မျိုးများကို အစီအစဉ်တကျ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် တစ်နိုင်ငံလုံး သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာ အသီးသီးတွင်လည်း ဒေသအလိုက် သင့်တော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးရန်၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေတော အပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့်သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အာဆီယံလမ်းမကြီးများ ဘေးဝဲယာ၊ အမြန်လမ်းမကြီးဘေးဝဲယာနှင့် ရထားလမ်းများ ဘေးဝဲယာများတွင်လည်း သစ်ပင်များ စဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှု မဖြစ်မနေလိုအပ်သည့်အတွက် အတူတကွ ပါဝင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

ယခုကဲ့သို့ သစ်ပင်များစိုက်ပျိုးကြရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် အတွက် သန်စွမ်းသည့် ပျိုးသက် နှစ်နှစ်၊ အမြင့် နှစ်ပေအထက် ပျိုးပင်များကို စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ပျိုးပင်များရရှိရန်အတွက် မျိုးကောင်း မျိုးသန့်အပင်များမှ အပင်ပေါက်ရောက် အောင်မြင်ရှင်သန်နိုင်မည့်သစ်စေ့များ ကြိုတင်စုဆောင်းခြင်းနှင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို အချိန်ယူကြိုတင်ပြင်ဆင်ပြီး အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပျိုးပင်အဖြစ် နှစ်နှစ်တာ ရှင်သန်ဖြစ်ထွန်းလာသည့် အပင်သည် ဆက်လက်ရှင်သန်ကြီးထွားရန် စနစ်တကျဆောင်ရွက်သွားပါက မဖြစ်စရာမရှိကြောင်း။

စိုက်ပျိုးပင်များ ရှင်သန်အောင်မြင်စေရန်အတွက် နေရာဒေသနှင့် ကိုက်ညီမည့် သစ်မျိုးမှန်ကန်စွာရွေးချယ်မှု၊ စနစ်တကျမြေပြုပြင်မှု၊ ရေနှင့်မြေ အစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစား မှန်ကန်မှု၊ ပန္နက်အကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိစေရေးတို့ကို အထူးအလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မြေဆီအာဟာရ ပြည့်ဝစေရန်အတွက်လည်း လိုအပ်သည့်သွင်းအားစုများကို ထည့်သွင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဆိုလိုသည်မှာဂရုတစိုက် စနစ်တကျစိုက်ပျိုးရန်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အစီရင်ခံစာအရ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် ကမ္ဘာ့မြေမျက်နှာပြင်၏ သုံးပုံတစ်ပုံဖြစ်သည့် ဧက ၁၀ ဒသမ ၀၃ ဘီလီယံနီးပါးရှိကြောင်း၊ သို့သော် ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၉ ဒသမ၂၇ သန်း၊ ၂၀၀၀ မှ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၂ ဒသမ ၈၅ သန်းနှင့် ၂၀၁၀ ပြည့်နှစ် မှ ၂၀၂၀ ပြည့်နှစ်အတွင်း တစ်နှစ်လျှင် ဧက ၁၁ ဒသမ ၆၁ သန်း လျော့နည်းကျဆင်းသွားသည်ကို လေ့လာ သိရှိရကြောင်း။

အာဆီယံဒေသ၏သစ်တောဖုံးလွှမ်းမှုပမာဏအနေဖြင့် ဧက ၅၂၈ ဒသမ ၇၉သန်း ကျော်ရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း စုစုပေါင်းသစ်တောများ၏ ခြောက်ပုံတစ်ပုံခန့် ဧက ၉၂ ဒသမ ၉၁ သန်း ပြုန်းတီးလျော့နည်းခဲ့သည်ကို လေ့လာသိရှိရကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် သစ်တောဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိကြောင်း၊ သစ်တောပြုန်းတီးမှုနှုန်းအနေဖြင့်ကြည့်ပါက ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်း ပြုန်းတီးခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ် မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် သုည ဒသမ ၉ ရာခိုင်နှုန်းသာ ပြုန်းတီးခဲ့သည်ကို တွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှုကို လျော့နည်းအောင် ထိန်းသိမ်းနိုင်ခဲ့ခြင်းကို တွေ့ရှိရကြောင်း။ **စာမျက်နှာ ၄ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

❖ စာမျက်နှာ ၃ မှ

ယခုအခါ ၂၀၂၅ ခုနှစ် သစ်တော သယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ ထုတ်ပြန်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် ပဏာမလေ့လာ ဆန်းစစ်မှုများအရ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်သည့် ဒီရေတောဧရိယာသည် ၂၀၂၀ ပြည့်နှစ်တွင် ဧက ၁ ဒသမ ၀၇ သန်း၊ နိုင်ငံဧရိယာ၏သုည ဒသမ ၆၄ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါတွင် ဧက ၁ ဒသမ ၁၃ သန်း နိုင်ငံဧရိယာ၏ သုည ဒသမ ၆၇ ရာခိုင်နှုန်းထိ တိုးတက်လာသည်ကို အားတက်ဖွယ် တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းနှင့် မပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခြင်း၏ အကျိုးရလဒ်များပင် ဖြစ်ကြောင်း။

**တည်ထောင်ဖွဲ့စည်းနိုင်ခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၃ နှစ်ကျော်ကာလအတွင်း ကြိုးပြင်ကာကွယ်တော ၄၁ ခု၊ ဧရိယာဧက ငါးသိန်းခြောက်သောင်းကျော် (၅၆၀၇၉၇ ဒသမ ၅၇ ဧက)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၄ ခု၊ ဧရိယာဧက ငါးသိန်းကိုးသောင်းကျော် (၅၉၀၀၁၅ ဒသမ ၁၃ ဧက) စုစုပေါင်း ဧရိယာဧက ၁ ဒသမ ၁၅ သန်းကျော်(၁၁၅၀၈၁၂ ဒသမ ၇ ဧက)ကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု အကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေ မြင့်မားသည့် နိုင်ငံများစာရင်းတွင် ပါဝင်နေကြောင်း၊ ၂၀၂၄ ခုနှစ် နွေရာသီတွင် အယ်လ်နီညိုဖြစ်စဉ်ကြုံတွေ့ရပြီး အကျိုးဆက်အနေဖြင့် မိုးရွာသွန်းမှုပုံစံများပြောင်းလဲခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်နိုင်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်ဟု သိရကြောင်း၊ ယခု ၂၀၂၄ ခုနှစ် ဧပြီလအတွင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် နေ့အပူချိန်များမြင့်မားခဲ့ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့သည် ယခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် နေ့အပူချိန် ၄၈ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်အထိရှိခဲ့ပြီး ကမ္ဘာ့အပူချိန် အမြင့်မားဆုံးမြို့အဖြစ် ပါဝင်ခဲ့ကြောင်း၊ အလားတူ မကွေးမြို့၊ မင်းဘူးမြို့၊ ညောင်ဦးမြို့နှင့် စစ်ကိုင်းမြို့တို့သည် ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းတွင်ပါဝင်ခဲ့ကြောင်း။

ထို့ကြောင့်လည်း အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက်သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနတို့က ယခုနှစ်မိုးရာသီတွင် တစ်ရွာ နှစ်ဧကစိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်း စုစုပေါင်း ၃၅၅၁ ဒသမ ၂၀ ဧက၊ ပျိုးပင်ပေါင်း နှစ်သန်းကျော် ၂၀၉၂၈၄၇ ပင်ကို ကျေးရွာပေါင်း ၈၀၉ ရွာတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာတွင်လည်း အရိပ်ရလေကာပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ **"ပူနွေးကမ္ဘာတားဆီးရာ၊ ဖြေရှာတစ်ခုတောပြုစု"** ဟု ဆိုသည့်အတိုင်း ရာသီဥတု ပြောင်းလဲမှုလျှော့ချနိုင်ရေးအတွက် သစ်တောများ၏ အရေးပါမှုကို သိရှိနားလည်ပြီး သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရန် လိုအပ်သည်ကို အသိပေးတိုက်တွန်းမှာကြားလိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ Green City၊ Clean City၊ Smart City ဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန် ရည်ရွယ်ထားသည့်အတိုင်း အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်သည့် နိုင်ငံတော်၏ ထိပ်တန်းတက္ကသိုလ် တစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်ထားသည့် Naypyitaw State Academy ၏ ကျောင်းပရိဝုဏ်နှင့် ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေပြီး သင်းရနံ့မွှေးပျံ့သည့် သစ်ပင်ပန်းပင်များနှင့် အမြဲတမ်း စိမ်းလန်းစိုပြည် သာယာလှပစေရန် စိုက်ပျိုးပြုစုထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေအတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့စိုက်ပျိုးသည့် သစ်ပင်၊ ပန်းပင်များ စဉ်ဆက်မပြတ် ရေရှည်တည်တံ့ခိုင်မြဲစွာ စိမ်းလန်းစိုပြည်နေစေရေး အားလုံးဝိုင်းဝန်း စောင့်ရှောက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတ ကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားပါစို့ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင် စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များတပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက် စသည့် သစ်မျိုး ခြောက်မျိုး၊ အပင် ၁၀၃၀ စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နိုင်ရေးအတွက် လျာထားအဆိုပြုပုံစံများ ခင်းကျင်းပြသထားရှိမှုနှင့် အဆိုပါလျာထားအဆိုပြုပုံစံများအပေါ် ကျောင်းသားကျောင်းသူများ၏ ဆန္ဒပြုစာရင်း ကောက်ယူနေမှုများကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ**

**❖ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာ လှပစေရေး၊ ရာသီဥတုပြန်လည် မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ပူးပေါင်းဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နိုင်ရေးအတွက် လျာထားအဆိုပြုပုံစံများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၄

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာ မှူထန်၊ ဒေါက်တာ ဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။

**ရည်ရွယ်ကျင်းပ**

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက် ယခုပြိုင်ပွဲမှ ထွက်ပေါ်လာမည့် မျိုးဆက်သစ် အားကစားသမားများကို စနစ်တကျ ရွေးချယ်လေ့ကျင့်ပျိုးထောင်ပေးသွားနိုင်ရန် လူရွေးချယ်ရေး စီမံချက်နှင့် အောင်နိုင်ရေးစီမံချက်များကို ကြိုတင်ရေးဆွဲ ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ကြိုးစားယှဉ်ပြိုင်**

ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်/မယ်များသည် မိမိတို့ ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အနိုင်ရရှိရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သကဲ့သို့ အနိုင်ရခြင်းသည်လည်း ပဓာနကျသည်ဆိုသော ခံယူချက်ဖြင့် မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်း၏ဂုဏ်ကို မြှင့်တင်နိုင်ရန် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားသမားကောင်း ပီသစွာ သတ်မှတ်ထားသော စည်းမျဉ်း/ စည်းကမ်းများကိုလေးစားလိုက်နာပြီး နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ဂျူဒိုပြိုင်ပွဲ ရှုံးထွက်ပွဲစဉ် ၄၂ ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသားဂျူဒိုပြိုင်ပွဲ၊ ၅၇ ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသမီး ဂျူဒိုပြိုင်ပွဲနှင့် ၃၈ ကီလိုတန်းအောက်တစ်ဦးချင်း အမျိုးသားဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၃၀ မှ အသင်းအုပ်ချုပ်သူ/ နည်းပြ၊ အားကစားသမား အင်အား စုစုပေါင်း ၂၆၉ ဦးဖြင့် ဇွန် ၄ ရက်မှ ၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသွားမည်ဖြစ်ရာ ဂျူဒိုအားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ပဲခူးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်(၁) ဖွင့်လှစ်

ပဲခူး ဇွန် ၄

ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်(၁) ဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပြည်သူကို အကျိုးပြုနေကြသူများဖြစ်သည့်အတွက် ဥပဒေများကို ပိုမိုထိတွေ့သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် ဒေသလုံခြုံအေးချမ်းရေးတို့၏ အဓိကအခြေခံအကျဆုံးသည် ပြည်သူများတည်ဆဲဥပဒေများကို သိရှိလေးစားလိုက်နာကြရန် လိုအပ်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာခြင်းအားဖြင့် မိမိဌာနအကျိုး၊ မိမိလူမှုပတ်ဝန်းကျင်အကျိုးနှင့် မိမိနိုင်ငံတော်အကျိုး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာသင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုစီးပွားဘဝများ လုံခြုံစွာ မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်းကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ဥပဒေနှင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် လုပ်ငန်းခွင် လက်တွေ့လုပ်ငန်းများကို ပိုမိုလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်တန်းပို့ချချက်များကို အလေးထားမှတ်သားပြီး လက်တွေ့ကျင့်သုံးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်၊ အတွင်းရေးမှူးနှင့် ဥပဒေအရာရှိများက အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ယင်းနောက် သင်တန်းတွင် သင်ကြားပေးမည့် အသိပညာပေး ဥပဒေစာအုပ်များ၊ Online တွင် ရှာဖွေနိုင်သည့် Myanmar Law Information System လက်တွေ့အသုံးပြုနည်းများကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါဥပဒေအသိပညာပြန့်ပွားရေးသင်တန်း၌ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေတို့မှ သိမှတ်ဖွယ်ရာများအား တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၆၂ ဦးတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သဲကန္တာရဖြစ်ထွန်းမှုတားဆီးရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ဖို့ သစ်တောသစ်ပင်ပြုစုထိန်းသိမ်းစို့

ဟိန်းလင်းစိုး ( ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန )

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာဂြိုဟ်သည် ရေ၊ လေ၊ မြေ၊ အပူစွမ်းအင်တို့ဖြင့် ဖွဲ့စည်းတည်ရှိနေပြီး လူအပါအဝင် သက်ရှိပေါင်းမြောက်မြားစွာ၏ တစ်ခုတည်းသော မူလဘူတ မှီခိုရာအိမ်ကြီးသဖွယ်ဖြစ်ပါသည်။ ပုံစံမျိုးစုံဖြင့် ဖွဲ့စည်းလျက်ရှိသည့် သက်မဲ့များ၏ အစုအဝေးများလည်း တည်ရှိပြီး သက်ရှိသက်မဲ့များ ဆက်နွယ်မှုရှိသည့် ဂေဟစနစ်မျိုးစုံလည်း ဖြစ်တည်လျက်ရှိသကဲ့သို့ ပြောင်းလဲမှုဖြစ်စဉ်များလည်း တည်ရှိပါသည်။ တည်မှီလျက်ရှိသည့် သက်ရှိများဖြစ်သည့် လူအပါအဝင် သတ္တဝါများနှင့် အပင်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးမှာ လွန်စွာအရေးကြီးလှပါသည်။ စဉ်ဆက်မပြတ် ပူးတွဲရပ်တည်ရှင်သန်ရမည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့



" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "

" Land restoration, desertification and drought resilience "

**ယိုယွင်းပျက်စီးလာနေ**

လူဦးရေ တိုးပွားလာမှုနှင့်အတူ တည်မှီအသုံးပြုမှုနှင့် ထုတ်ယူအသုံးပြုမှုများကြောင့် သစ်ပင်သစ်တောများ အပါအဝင် သဘာဝသယံဇာတများမှာ နေ့စဉ်မပြတ် ဆုတ်ယုတ်ပျက်စီးဆုံးရှုံးလာလျက်ရှိသည်။ တစ်ဖက်၌ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းတိုးစေရန် ဓာတုဓာတ်မြေဩဇာများ သုံးစွဲမှုများပြားလာခြင်း၊ သယံဇာတများ တရားမဝင်နှင့် စနစ်မကျစွာ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံရခြင်း စသည်တို့ကြောင့် မြေပြင်ပေါ်ရှိ မြေဆီလွှာဖွဲ့စည်းမှုနှင့် မြေပြင်မူလအနေအထားများ ယိုယွင်းပျက်စီးလာနေပါသည်။

> **လူဦးရေတိုးပွားလာသည်နှင့်အမျှ သစ်နှင့်ထင်းများ အလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ ဆည်တာတမံများတည်ဆောက်ခြင်း၊ စားကျက်ချခြင်း၊ မြို့ရွာများ တိုးချဲ့တည်ထောင်ခြင်း စသည့် လုပ်ဆောင်ချက်များကြောင့် အပူပိုင်းဒေသ သစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာပျက်စီးခြင်းများဖြစ်ပေါ်ပြီး အပူပိုင်းဂေဟစနစ်ပျက်စီးကာ သဲကန္တာရဖြစ်ထွန်းလာခြင်းဖြစ်**

ယင်းသို့ ယိုယွင်းပျက်စီးလာရသည်နှင့်အမျှ ၎င်းအပေါ် မှီခိုသက်ရှင် ရပ်တည်ရသည့် ဇီဝမျိုးစုံမျိုးကွဲများသည်လည်း တစ်စတစ်စ မျိုးပွားမှုကျဆင်းခြင်း၊ နေရာဒေသပျက်စီးမှုကြောင့် ပြောင်းရွှေ့ကျက်စားရခြင်း၊ သေကျေပျက်စီးမှုများခြင်းတို့ကြောင့် မျိုးတုန်းပျောက်ကွယ်ခြင်းတို့ ဖြစ်လာရပါသည်။ ဤသည်ပင်လျှင် ဂေဟစနစ်များ ယိုယွင်းခြင်းဖြစ်ပါသည်။ ယင်းသို့ ယိုယွင်းလာရမှုနှင့်အတူ အကျိုးဆက်အားဖြင့် လူသားအားလုံး အပါအဝင် သက်ရှိများအတွက် ဆိုးကျိုးတရားများဖြစ်သည့် ရာသီဥတုလွန်ကဲစွာဖောက်ပြန်လာခြင်း၊ မြေထု၊ ရေထု လေထုညစ်ညမ်းမှုနှုန်း မြင့်တက်လာခြင်း၊ ပတ်ဝန်းကျင်အရည်အသွေး ကျဆင်းလာခြင်း၊ နောက်ဆုံးတွင် သဲကန္တာရဖြစ်ထွန်းခြင်းအဆင့်သို့ ရောက်ရှိလာခြင်းများ တိုးမြင့်လာပြီး ဆုတ်ယုတ်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို ပေါ်ပေါက်လာစေခဲ့ပါသည်။ ၎င်းအထဲတွင် လူသူသတိပြုမှုနည်းပါးပြီး ကြီးမားသော အန္တရာယ်ရှိသည်မှာ သဲကန္တာရဖြစ်ထွန်းမှုပင်ဖြစ်ပါသည်။ သတိမပြုမိ၍ မြေယာအတန်းအစားကျဆင်းမှု ကာလရှည်စွာ ဆင့်ကဲဖြစ်စဉ်များအရ တစ်စတစ်စတိုးမြင့်လာတတ်ပြီး သဲကန္တာရပေါ်ပေါက်လာပါက ကုစားရခက်ခဲသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဖြစ်လာတတ်ပါသည်။

လူဦးရေတိုးပွားလာသည်နှင့်အမျှ သစ်နှင့်ထင်းများ အလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ ဆည်တာတမံများ တည်ဆောက်ခြင်း၊ စားကျက်ချခြင်း၊ မြို့ရွာများ တိုးချဲ့တည်ထောင်ခြင်းစသည့် လုပ်ဆောင်ချက်များကြောင့် အပူပိုင်းဒေသသစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာပျက်စီးခြင်းများ ဖြစ်ပေါ်ပြီး အပူပိုင်း ဂေဟစနစ်ပျက်စီးကာ သဲကန္တာရဖြစ်ထွန်းလာခြင်းဖြစ်သည်။

သဲကန္တာရဖြစ်ထွန်းခြင်းသည် ရာသီဥတုစနစ်များ သဘာဝအခြေအနေထက် ပိုမိုလွန်ကဲစွာ ပြောင်းလဲမှုနှင့် အထက်တွင် ဖော်ပြသကဲ့သို့ လူတို့၏ လုပ်ဆောင်မှုများအပါအဝင် များစွာသောအကြောင်းအမျိုးမျိုးတို့ကြောင့် အလွန်ပူပြင်းခြောက်သွေ့သော လွင်တီးခေါင်ဒေသများ၊ အသင့်အတင့် ပူပြင်းခြောက်သွေ့သော လွင်ပြင်ဒေသများနှင့် ခြောက်သွေ့လျက် အသင့်အတင့် စိုစွတ်သောဒေသများတွင် ဆယ်စုနှစ်များစွာကြာသည်အထိ မြေဆီလွှာအဆင့်အတန်း ယိုယွင်းပျက်စီးလာခြင်းကြောင့် ဖြစ်ပါသည်။ သဲကန္တာရဖြစ်ထွန်းမှုသည် မြေဆီဩဇာကောင်းမွန်၍ သက်ရှိအပင်နှင့် သတ္တဝါများအတွက် အဖိုးတန်အသုံးဝင်သော မြေသားမြေလွှာမှ မြေဆီမြေနှစ်ကင်းမဲ့၍ အသုံးမဝင်သော မြေသားမြေလွှာအဖြစ်သို့ ရောက်ရှိကာ ကျယ်ဝန်းသော ခြောက်သွေ့ပူပြင်းသည့် လွင်တီးခေါင် သဲကန္တာရအဖြစ်သို့ တဖြည်းဖြည်း အသွင်ပြောင်းလဲသွားခြင်း ဖြစ်ပါသည်။

ကမ္ဘာ့မြေမျက်နှာပြင်၏ ၃၃ ရာခိုင်နှုန်းသည် သဲကန္တာရဖြစ်ပြီး ကမ္ဘာ့မြေမျက်နှာပြင်တစ်ခုလုံး၏ သုံးပုံတစ်ပုံခန့်ရှိပါသည်။ နှစ်စဉ် မြေဧရိယာစတုရန်းကီလိုမီတာ လေးသန်းခန့် မြေအရည်အသွေးနိမ့်ကျလျက်ရှိပြီး ၎င်းတို့အနက်မှ မြေဧရိယာစတုရန်းကီလိုမီတာတစ်သိန်းနှစ်သောင်းခန့်သည် သဲကန္တာရအဖြစ်သို့ အမှန်တကယ် ပြောင်းလဲရောက်ရှိသွားကြောင်း သိရှိရပါသည်။ ရာသီဥတုပြောင်းလဲလာခြင်းနှင့် သစ်တောသစ်ပင်များအား ထင်းမီးသွေးအတွက် အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ စိုက်ပျိုးနိုင်သော အပေါ်ယံမြေဆီလွှာများ ဖယ်ရှားခြင်းစသည့် လူသားတို့၏ ပြုမူဆောင်ရွက်ချက်များသည် သဲကန္တာရဖြစ်ထွန်းခြင်း၏ အဓိကအကြောင်းအရင်း နှစ်ခုအဖြစ် မှတ်ယူနိုင်ပါသည်။

မိုးခေါင်ရေရှားခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်းကြောင့် စိုက်ပျိုးသီးနှံအထွက်နှုန်းကျဆင်းလာခြင်း၊ မွေးမြူရေးလုပ်ငန်းများ အထွက်နှုန်းနည်းပါးလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး လူမှုစီးပွားရေးအခက်အခဲများ တိုးပွားလာခြင်း၊ ဆင်းရဲနွမ်းပါးမှုမြင့်မားလာခြင်း၊ ကျန်းမာရေးချို့ယွင်းခြင်း၊ ပညာရေးနိမ့်ကျခြင်း စသည့် နောက်ဆက်တွဲပြဿနာများစွာ ဖြစ်ပေါ်လာပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာမည်ဖြစ်သည်။

ကုလသမဂ္ဂ၏ ဖော်ပြချက်အရ လူတို့၏လွဲမှားသော ပြုမူဆောင်ရွက်မှုကြောင့် စိုက်ပျိုးနိုင်သောမြေ၏ ၄၀ ရာခိုင်နှုန်းနှင့်အထက်သည် လျင်မြန်စွာ အရည်အသွေး ကျဆင်းလျက်ရှိပြီး ၎င်း၏ ဆိုးကျိုးသက်ရောက်မှုကို ကမ္ဘာ့လူဦးရေ၏တစ်ဝက်ခန့် ထိခိုက်ခံစားရလျက်ရှိကြောင်း သိရသည်။ ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ အစီရင်ခံစာအရ လူဦးရေ၂ ဒသမ ၃ သန်းကျော်သည် ရေနှင့်ဆိုင်သောပြဿနာများနှင့် ရင်ဆိုင်နေရသော တိုင်းပြည်များတွင် နေထိုင်နေကြကြောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အနည်းဆုံး လူဦးရေ ၁ ဒသမ ၅ ဘီလီယံသည် မိုးခေါင်မှုဒဏ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ မီလီယံ ၇၀၀ အထိ တိုးမြင့်ခံစားရနိုင်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်နှင့် ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းခန့်သည် ရေရှားပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း ဖော်ပြထားပါသည်။

သဲကန္တာရဖြစ်ထွန်းမှုသည် အဓိကကျသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။ သဲကန္တာရဖြစ်ထွန်းမှုများသည် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးပျောက်ကွယ်ခြင်းများကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်သည်။ ထို့ကြောင့် ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက "ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combart Desertification – UNCCD)" ကို တည်ထောင်ခဲ့ပါသည်။ ယနေ့အထိ "ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD)" တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၇ နိုင်ငံရှိပြီး သဲကန္တာရဖြစ်ထွန်းမှုများဖြစ်ပေါ်နေသော နိုင်ငံပေါင်း ၇၀ တွင် နိုင်ငံအဆင့် သဲကန္တာရတိုက်ဖျက်ရေး စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းကူညီပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံသည်လည်း ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ မူဝါဒ၊ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ၊ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**ပြန်လည်ကုစားနိုင်သော အကောင်းဆုံးနည်းလမ်း**

ရာသီဥတု ပြောင်းလဲဖောက်ပြန်လာခြင်းနှင့် လူသားတို့၏ လွဲမှားသော ပြုမူဆောင်ရွက်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာသော သဲကန္တာရဖြစ်ထွန်းခြင်းများနှင့် ၎င်းတို့၏ အကျိုးဆက်ဖြစ်သော မိုးခေါင်ရေရှားခြင်း၊ မြေဆီလွှာ ယိုယွင်းပျက်စီးခြင်းတို့ကို ပြန်လည်ကုစားနိုင်သော အကောင်းဆုံးနည်းလမ်းမှာ သစ်တောသစ်ပင်များကို စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များအား ရှင်သန်ကြီးထွားစေရန် ပြုစုထိန်းသိမ်းခြင်းတို့ပဲဖြစ်ပါသည်။ သစ်ပင်များကို စိုက်ပျိုးရုံဖြင့် မပြီးစီးဘဲ စိုက်ပျိုးပြီးစီးပါက ရှင်သန်ကြီးထွားစေရန် ကျွဲ၊ နွား၊ ဆိတ်တို့၏ နှောင့်ယှက်ဖျက်ဆီးမှုအန္တရာယ်မှ ကင်းဝေးစေရန် အကာအရံများ ပြုလုပ်ပေးရန် လွန်စွာအရေးကြီးပါသည်။

အဘယ့်ကြောင့်ဆိုသော် သစ်တောသစ်ပင်များ၏ အမြစ်များသည် မြေကြီးအတွင်းမှ အာဟာရဓာတ်နှင့် ရေကိုရယူရေး၊ ကောင်းစွာရပ်တည်နိုင်ရေး စသည်တို့အတွက် မြေကြီးအတွင်းပိုင်းအထိ ကွန်ရက်သဖွယ် ထိုးဖောက်ဝင်ရောက်ခြင်းနည်းဖြင့် မြေဆီလွှာကို ထိန်းသိမ်းထားနိုင်ပြီး လေနှင့်မိုးရေတို့ကြောင့် ဖြစ်ပေါ်နိုင်သော မြေဆီလွှာတိုက်စားခြင်းကို လျှော့ချကာကွယ်ပေးနိုင်ပါသည်။ ထို့အပြင် သစ်တောသစ်ပင်များသည် မိုးရေကို ထိန်းပေးခြင်းကြောင့် မြေအစိုဓာတ်နှင့် မြေအောက်ရေအောင်းလွှာများကို ဖြည့်ဆည်းပေးလျက်ရှိသည့်သာမက မြစ်ချောင်းအင်းအိုင်များသို့ စီးဝင်မည့်ရေများကိုပါ ထိန်းသိမ်းသန့်စင်ပေးပါသည်။

ထိုနည်းတူစွာ ဝါးပင်များသည်လည်း နှစ်စဉ် Biomass ခြွေချရာတွင် သစ်ပင်ထက် ပိုများ၍ ဝါးခက်၊ ဝါးရွက်ကြွေတို့သည် မြေကြီးပေါ်တွင် ခပ်ထူထူ အုပ်မိုးထားသောကြောင့် အပူဒဏ်ကြောင့် မြေကြီးအတွင်း အစိုပြန်မှုကို ကာကွယ်ပေးထားပါသည်။ တစ်နည်းအားဖြင့် မြေကြီးအစိုဓာတ်ဆုံးရှုံးမှုကို ကာကွယ်ပေးခြင်းဖြင့် ရေအရင်းအမြစ်များကို အားဖြည့်ပေးပါသည်။ ဝါးပင်များသည် ရွာချသော မိုးရေများ၏ ၉၀ ရာခိုင်နှုန်းခန့်ကို ထိန်းသိမ်းနိုင်သည်ဟု သိရှိရပါသည်။ **စာမျက်နှာ ၇ သို့** ○

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။

အနက်သည် အဓိပ္ပာယ်၏ အခြေခံသဘောဖြစ်သည်။ အနက်သည် စကားခွန်းတစ်ခု၏ အရှိဖြစ်၍ အဓိပ္ပာယ်သည် ထိုစကားခွန်းကို နားလည်ရသော အသိဖြစ်သည်။ ထို့ကြောင့် အရှိနှင့်အသိကို စနစ်တကျ နားလည်သဘောပေါက်ထားရန်လိုအပ်သည်။ တစ်နည်းဆိုသော် အနက်နှင့်အဓိပ္ပာယ်တို့၏ သဘောကို နားလည်ထားရန် လိုအပ်ပေသည်။

အရေးသည် စာလုံးပေါင်းသတ်ပုံဖြစ်သည်။ ထို့ကြောင့် အနက်သိမှ အဓိပ္ပာယ်သိမှ စာလုံးပေါင်းသတ်ပုံမှန်မည်၊ စာလုံးပေါင်းသတ်ပုံမှန်မှ အနက်ကိုသိမည်၊ အဓိပ္ပာယ်ကိုသိမည်ဟု ဆိုလိုသည်။ အရေးနှင့်အနက်သည် တစ်ထပ်တည်းဖြစ်သည်။ ခွဲ၍မရ။ စာလုံးပေါင်းသတ်ပုံနှင့် အဓိပ္ပာယ်သည်လည်း တစ်ထပ်တည်းဖြစ်သည်။ ခွဲ၍မရဟု မှတ်ယူရန်ဖြစ်ပေသည်။

စာလုံးပေါင်းသတ်ပုံဟူသည် ထင်ရာမြင်ရာရေး၍ မှန်ကောင်းသောအရာမဟုတ်။ စာလုံးပေါင်းသတ်ပုံမှန်ရန်အတွက် ဗျည်းသရတို့၏အနက်၊ ပင့်ရစ် ဆွဲထိုးတို့၏အနက်၊ အသတ်အလတ်တို့၏အနက်စသည်ကို ခြေခြေမြစ်မြစ် သိနားလည်ထားသင့်သည်ဟု မှတ်ယူရာသတည်း။

**ခံ့ညားနှင့် ခန့်ညား**

သေးသေးတင်အောက်မြစ် **"ခံ့ညား"**နှင့် နသတ်အောက်မြစ် **"ခန့်ညား"**တို့၏ အနက်နှင့် အဓိပ္ပာယ်ကို ကွဲကွဲပြားပြား ခွဲခြားမသိကြသဖြင့် ရောထွေးလွဲမှား ရေးသားတတ်ကြသည်။

ဦးကုလားမဟာရာဇဝင်ကြီး (ပထမအုပ်၊ ဇူလိုင်၊ ၂၀၀၆၊ ရာပြည့်၊ မျက်နှာ ၂၀၆ တွင်-) နရသူမင်းအား "မှူးမတ်ဗိုလ်ပါအစရှိသော ပြည်သူလူထုအပေါင်းတို့ ကြောက်ရွံ့ခန့်ညားကုန်၏။ . . . . . မိဖုရားစသော ကိုယ်လုပ်မောင်းမတို့သည်လည်း ကြောက်ရွံ့ခန့်ညားကုန်သည်ဖြစ်၍ မချစ်မကြိုက်ကြကုန်" ဟု နသတ်အောက်မြစ်နှင့် စာလုံးပေါင်းသတ်ပုံ အမှန်အတိုင်း ခန့်ညားဟု ရေးသားပုံနှိပ်ထားသည်ကို တွေ့ရသည်။

သို့ရာတွင် မှန်နန်းရာဇဝင်တော်ကြီး (ပထမအုပ်၊ ပဉ္စမတွဲ၊ ၁၉၉၂၊ ဇန်နဝါရီ၊ ကြေးမုံသတင်းစာတိုက်၊ မျက်နှာ ၃၁၀) တွင်- ထိုအကြောင်း၊ ထိုစာပိုဒ်ကိုပင် ရေးရာ၌ ခံ့ညားဟု သေးသေးတင်လျက် ပုံနှိပ်ထားသည်ကို တွေ့ရသည်။

ထိုအကြောင်းကိုပင် သေးသေးတင်အောက်မြစ် ခံ့ညားနှင့် နသတ်အောက်မြစ် ခန့်ညားကို ရောထွေးမှားယွင်းရေးသားပုံနှိပ်ကြသည်မှာ တည်းဖြတ်သူ စာလုံးပေါင်းသတ်ပုံမကျွမ်းကျင်မှုကြောင့်ဖြစ်ရသည်ဟု ကောက်ချက်ချရပေလိမ့်မည်။ သေးသေးတင်အောက်မြစ် **"ခံ့ညား"** နှင့် နသတ်အောက်မြစ် **"ခန့်ညား"** တို့တွင် ရှေးစာများ၌ နသတ်အောက်မြစ်ခန့်ညားကိုသာ တွေ့ရ၍ သေးသေးတင်အောက်မြစ် **"ခံ့ညား"**ကိုမူ မတွေ့ပါ။ နသတ်အောက်မြစ် **"ခန့်ညား"**၏ အဓိပ္ပာယ်မှာ ကြောက်ရွံ့၊ ရိုသေ ဟူ၍ ဖြစ်ပါသည်။

သေးသေးတင် အောက်မြစ် "ခံ့ညား" ဟူသော အသုံးအနှုန်း၊ အရေးအသားမှာ နောက်မှပေါ်သော အသုံးအနှုန်း၊ အရေးအသားဖြစ်ဖွယ်ရှိပါသည်။ အဓိပ္ပာယ်မှာ **ခမ်းနား၊ ထည်ဝါ** ဟူ၍ဖြစ်ပါသည်။

မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော ခရီးဆောင်မြန်မာအဘိဓာန်တွင် သေးသေးတင်အောက်မြစ် **ခံ့ညား**ကို **"ခမ်းနားထည်ဝါသော၊ ခံ့ထည်သော"** ဟူသော အဓိပ္ပာယ်အပြင် **"ရိုသေလေးစားဖွယ်ဖြစ်သော"** ဟူသော အဓိပ္ပာယ်ကိုပါ ဖွင့်ပြထားပါသည်။ ယင်း**ခံ့ညား**ဟူသော ဝေါဟာရသည် ဂုဏ်ရည်ပြဝေါဟာရဖြစ်သဖြင့် ဝါစင်္ဂအားဖြင့် နာမဝိသေသနဖြစ်ပါသည်။ **ညား** နှင့် မတွဲဖက်ဘဲ သေးသေးတင်အောက်မြစ် **ခံ့** တစ်လုံးတည်း၏ အဓိပ္ပာယ်မှာလည်း **"ခမ်းနားသော ထည်ဝါသော"** ဟူသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

ထိုခရီးဆောင် မြန်မာအဘိဓာန်တွင်ပင် နသတ်အောက်မြစ် **ခန့်ညား**ကိုမူ ရှေးသုံးဝေါဟာရအဖြစ် သတ်မှတ်ဖော်ပြ၍ **"ကြောက်သည်။ ရွံ့သည်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ညားနှင့် မတွဲဖက်ဘဲ နသတ်အောက်မြစ် **ခန့်** တစ်လုံးတည်း၏ အဓိပ္ပာယ်ကိုလည်း **"ကြောက်သည်၊ ရွံ့သည်"** ဟုပင် ဖွင့်ပြထားပါသည်။

ဤတွင် သေးသေးတင်အောက်မြစ် **ခံ့ညား** သည် နာမဝိသေသနဖြစ်၍ နသတ်အောက်မြစ် **ခန့်ညား** သည် ကြိယာဖြစ်သည်ဟူသော အချက်ကိုလည်း သတိပြုသင့်သည်။ နာမဝိသေသနနှင့် ကြိယာတို့ သဘောသဘာဝ မတူကွဲပြားသောအချက်ကိုလည်း သိထားရပေလိမ့်မည်။

၁၈၅၂ ခုနှစ်တွင် ပထမအကြိမ်ပုံနှိပ်သော ယုဒသန်မြန်မာ-အင်္ဂလိပ် အဘိဓာန်တွင် သေးသေးတင်အောက်မြစ် ခံ့၏ အဓိပ္ပာယ်ကို "to be firm, strong, durable, ကြံ့သည်, ခိုင်သည်" ဟုသာ ဖွင့်ပြထားပါသည်။ **ခမ်းနားသော၊ ထည်ဝါသော** ဟူသည့် အဓိပ္ပာယ် ပြမထားပါ။ **ခံ့ညား** ဟူသော ဝေါဟာရကိုလည်း တည်ပုဒ်ဝေါဟာရအဖြစ် လည်းကောင်း၊ အနက်အဖွင့်စကားအဖြစ် လည်းကောင်း ပြမထား၊ သုံးမထားပါ။

**(ဆက်လက်ဖော်ပြပါမည်)**

○ **စာမျက်နှာ ၆ မှ**

မြန်မာနိုင်ငံတွင် သဲကန္တာရများ မရှိသေးသော်လည်း "ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း" အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် နှစ် ၃၀ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဘက်စုံစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ) ရေးဆွဲပြီး သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာများ တိုးမြှင့်သုံးစွဲခြင်းနှင့် ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့်လည်း နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ)၊ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (၂၀၁၅-၂၀၁၆ မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ)၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ) ရေးဆွဲလျက် အပူပိုင်းဒေသအပါအဝင် ဂေဟာစနစ်အမျိုးမျိုးရှိ တောနိမ့်၊ တောပျက်များတွင် စီးပွားရေးစိုက်ခင်းများ၊ ရေဝေရေလဲ ထိန်းသိမ်းရေးစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ၊ မြို့ပြသစ်တောများ တည်ထောင်ခြင်း၊ သစ်တောဥယျာဉ်များ တည်ထောင်ခြင်း၊ မြစ်၊ ချောင်း အင်းအိုင်ပတ်ဝန်းကျင်နှင့် ကမ်းရိုးတန်းတစ်လျှောက် သဘာဝသစ်ပင် သစ်တောဂေဟစနစ်များ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် အပူပိုင်းဂေဟစနစ် ပြန်လည်တည်ထောင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် အပူပိုင်းဒေသ၏ သဘာဝတောကျန်များအား သစ်တောဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် တိုးချဲ့ဖွဲ့စည်းပြီး သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက် သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှု တိုက်ဖျက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) တို့ကို ရေးဆွဲချမှတ်၍ ရာသီဥတုပြောင်းလဲမှု လျှော့ချရေး လုပ်ငန်းစဉ်များအား သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရာတွင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ အထူးသဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ကာကွယ်လျှော့ချနိုင်ရေး လုပ်ငန်းအစီအမံများ ထည့်သွင်းဆောင်ရွက်စေခြင်း၊ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လေ့လာခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါဆောင်ရွက်ချက်များ ပိုမိုထိရောက်အောင်မြင်စေရန် သစ်ပင်သစ်တောများနှင့် ဂေဟစနစ်များ၏ အစစ်အမှန်တန်ဖိုးကို နားလည်ပြီး တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းသည့်နည်းတူ သယံဇာတများ တရားမဝင် ထုတ်ယူသုံးစွဲမှုနှင့် သစ်တောမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု စသည်တို့ကြောင့် သစ်တောပြုန်းတီးမှု လျှော့ချပြီး သစ်တောများ အရည်အသွေးပြန်လည်ကောင်းမွန်လာစေရေး ထိန်းသိမ်းခြင်းများတွင် ပူးပေါင်းပါဝင်ပြီး ဂေဟစနစ်ကို ပြန်လည်ဖြည့်တင်းရန် လိုအပ်ပါသည်။ အထူးသဖြင့် သဲကန္တာရဖြစ်ထွန်းနိုင်မှု၊ မိုးခေါင်ရေရှားမှုနှင့် မြေဆီလွှာယိုယွင်းပျက်စီးနိုင်မှု အခြေအနေများအား တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများ၏ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ပူးပေါင်းကာကွယ်လျက် စိမ်းလန်းစိုပြည်သော၊ ရာသီဥတုမျှတကောင်းမွန်သော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံဖြစ်လာစေရန် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားရင်း "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" ကို ဂုဏ်ပြုအပ်ပါသည်။

**ကိုးကား**

**UNCCD Outlook 2nd Edition 2022**

**အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ ဌာနဆိုင်ရာအချက်အလက်များ (၂၀၂၂)**

**နှစ်(၂၀) ပြည့်အထိမ်းအမှတ် မှတ်တမ်းစာအုပ် (၁၉၉၇-၂၀၁၇)**

**ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဂျာနယ် (၂၀၁၄ ခုနှစ်၊ ဇွန်လ)**

## သံဖြူဇရပ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ထောက်ပံ့ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**သံဖြူဇရပ် ဇွန် ၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးမတည်ထောက်ပံ့ရန်ပုံငွေများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကျေးရွာစီမံကိန်းကြီးကြပ်ရေးကော်မတီသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးမတည်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် သံဖြူဇရပ်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ငါးသင်း ကျေးရွာ ခုနစ်ရွာအား သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းအတွက် ငွေကျပ် ၄၁၂၉ ဒသမ ၃၂ သိန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးရွာ တစ်ရွာ မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ် သိန်း ၄၁၀၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ကျေးရွာ သုံးရွာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ငွေကျပ် သိန်း ၂၃၀ တို့ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၄

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှု**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ တက်ရောက် ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပညာသင်ကြားရေးသည် လူတစ်ဦးချင်းအတွက်မဖြစ်မနေအရေးကြီးသော လိုအပ်ချက်ဖြစ်ပါကြောင်း၊ အရည်အသွေးရှိသော အသိပညာ၊ အတတ်ပညာရှင်များဖြစ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်၍ ငယ်စဉ်ကတည်းက ကြိုးစား၍ လူတော်လူကောင်း အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြရန် ပြောကြားပြီး စာသင်ခန်း၊ စာသင်ဆောင်များ၊ ကျောင်းဝင်းအတွင်း ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရတနာပုံတက္ကသိုလ် သီရိမင်္ဂလာခန်းမတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး) များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လက်တွေ့ခန်းသုံး၊သုတေသနသုံးစက်ပစ္စည်းများကိုလည်း အကျိုးရှိရှိ ထိရောက်စွာ အသုံးချစေလိုကြောင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်စေရုံမျှမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိသော လူတော်လူကောင်းများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးစေလိုကြောင်း မှာကြားပြီး ဌာနအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ စားရိပ်သာတွင် ညနေစာစားသုံးနေမှုများကို သွားရောက်ကြည့်ရှုအားပေးကာ အသိပညာ၊အတတ်ပညာများနှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းရတနာများကို ပြုစုပျိုးထောင်ပေးသည့် ဆရာ ဆရာမကောင်းများ ဖြစ်လာစေရေး ကြိုးစားကြစေလိုကြောင်း မှာကြားသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မေ ၂၃ ရက်မှ ဇွန် ၄ ရက်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၆၆၇၂၃၂၉ ဦး လာရောက်အပ်နှံပြီးစီးခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများလည်း ဆက်လက်၍ သက်ဆိုင်ရာကျောင်းများ ထံသို့ လာရောက် ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဤလေးဖော်

❖ ငါကိုးကွယ်သည် ....
ရွှေပြည်မြန်းကြွ၊ မြတ်ဗုဒ္ဓ၏
ဓမ္မအမွေ၊ ဆက်ခံနေသော
ဖြန့်ဝေဟောကြား၊ ဘုရားသားတည့်။

❖ ငါလေးစားသည် ....
တိုင်းပြည်အတွက်၊ သွေးအသက်ကို
ပေးဆက်မသွေ၊ ကာကွယ်နေသော
ကိုရွှေစစ်သား၊ ဇာနည်ဘွားတည့်။

❖ ငါအားထားသည် ....
တိုင်းကားပြည်ထောင်၊ တိုးတက်အောင်လျှင်
နောင်အတွက်ယနေ့၊ ပညာမွေ့သော
လေ့လာသင်ကြား၊ ကျောင်းတော်သားတည့်။

❖ ငါယုံကြည်သည် ....
ပြည်၏ တွန်းအား၊ ယန္တရားကို
မနားသွန်မောင်း၊ ဝန်ထမ်းကောင်းတည့်။

❖ ဤလေးဖော်လျှင်၊ ငါ၏ရင်ကို
ရေသွင်အေးမြစေတကား။ ။
မိမြန်ပြည်၏ အုတ်မြစ်များ။ ။

**ကို(တက္ကသိုလ်)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တောင်ငူမြို့ရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းနေ အရွယ်ကလေးအားလုံး ကျောင်းတက်ရေးအတွက် ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းစည်းရုံး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ရှိပညာရေးဒီဂရီကောလိပ် ကျောင်းဟောင်းနေရာသို့ သွားရောက်ကာ ပညာရေးဒီဂရီကောလိပ်အဖြစ် ပြင်ဆင်တိုးချဲ့ဖွင့် လှစ်နိုင်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တောင်ငူပညာရေးဒီဂရီကောလိပ် စားရိပ်သာ၌ ကျောင်းသား ကျောင်းသူများ နေ့လယ်စာ စားသုံးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြတ်ပညာခန်းမ၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး တိုင်းချစ် ပြည်ချစ်စိတ်ရှိရေး၊ စံနမူနာပြ စည်းကမ်းကောင်းမွန်ရေး၊ စဉ်းစားတွေးခေါ်မှုကို အားပေးသောသင်ကြားနည်းစနစ်များကို လေ့ကျင့်ပျိုးထောင်ရေး၊ နိုင်ငံတော်ကျေးဇူးကို သစ္စာစောင့်သိ၍ နိုင်ငံတော်ကို အလုပ်အကျွေးပြုစုနိုင်သည့် စာသင်ကောင်းသော ဆရာ ဆရာမကောင်းများဖြစ်လာစေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိပြီး စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်ချမ်းမြေ့စွာ စာသင်ယူနေမှုကိုကြည့်ရှုကာ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံပြီး သင်ကြားမှုအရည်အသွေး၊ ဘာသာရပ်အရည်အသွေး၊သုတေသနအရည်အသွေး အစဉ်တိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

တောင်ငူမြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် ကာလအတွင်း ယမန်နှစ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၃၆၈၄၄ ဦး အပ်နှံခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၄၁၀၆၈ ဦး အပ်နှံခဲ့သဖြင့် ၄၂၂၄ ဦး ပိုမိုအပ်နှံလာခဲ့ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကျောင်းအပ်နှံရေး သီတင်းပတ် ကာလအတွင်း ကျောင်းသား ကျောင်းသူ ၇၃၈၆၈၅ ဦး အပ်နှံခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၇၉၅၃၀၇ ဦး အပ်နှံခဲ့ပြီး ဖြစ်ရာ စုစုပေါင်း ၅၆၆၂၂ ဦး ပိုမို ကျောင်းအပ်နှံပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၄

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ဇွန် ၃ ရက်မှစ၍ စတင်ဖွင့်လှစ်ခဲ့သည်။ ထိုသို့ ကျောင်းများဖွင့်လှစ်ပြီး စာသင်ကျောင်းများတွင် သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများသင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်-

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို သင်ရိုးညွှန်းတမ်း စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ အခမဲ့ထုတ်ပေးပြီး KG မှ မူလတန်းအထိ ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်း ကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးထားသည်။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူ ၆၆၇၂၃၂၉ ဦး ကျောင်းအပ်နှံထားရှိပြီး ၆၄၁၄၇၉၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်
















အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကိုရင်များ၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

## အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ကွပ်ကဲလျက်ရှိပါသည်။ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော စုဆောင်းအပ်နှံငွေအမျိုးမျိုး လက်ခံပြီး၊ နိုင်ငံတော်၏စီးပွားရေးအတွက် အရေးကြီးကဏ္ဍများကို ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ခြင်း၊ MSMEs လုပ်ငန်းများကို ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများဆောင်ရွက်ခြင်း စသည့် ဘဏ်ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးလျက်ရှိပါသည်။

ယခုအခါ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသော အဖျက်သမားမီဒီယာများနှင့် အဖျက်သမားအုပ်စုသည် Facebook Page များဖြစ်သော Yan Paing Soe၊ Dean Kyne အပါအဝင် လူမှုကွန်ရက်စာမျက်နှာများတွင် မကြာခဏ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ပြီး နိုင်ငံ့စီးပွားရေးနှင့် ငွေကြေးတည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့အဖျက်သမားများက အစိုးရနှင့် အများပြည်သူအကျိုးစီးပွားထိခိုက်စေရန်ရည်ရွယ်၍ မကြာခဏ ရေးသားဖြန့်ဝေနေသော လူမှုကွန်ရက်စာမျက်နှာများကို လက်ခံယုံကြည်ခြင်းမရှိရန်နှင့် စိုးရိမ်ပူပန်စရာမလိုကြောင်း၊ ပြည်သူများက ဝိုင်းဝန်းတိုက်ဖျက်ရန်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် အဖျက်သမားများ၏လှုံ့ဆော်ရေးသားမှုများကို စိုးရိမ်စရာမလိုဘဲ ဘဏ်များအပေါ်ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**(၄-၆-၂၀၂၄)**

## နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူ

## သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တရားမဝင် ဒစ်ဂျစ်တယ်ငွေကြေးများ ရောင်းဝယ်လဲလှယ်ခြင်းနှင့် နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများကို တရားဝင်လိုင်စင်မရှိဘဲ ဆောင်ရွက်နေသည့်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၄-၅-၂၀၂၄ ရက်နေ့က အသိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးနောက်တွင် အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိသူများကို ငွေစာရင်းများ ပိတ်သိမ်းခြင်း၊ တရားစွဲဆိုအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါအသိပေးကြေညာချက်ထုတ်ပြန်ခဲ့သည့် ၂၄-၅-၂၀၂၄ ရက်နေ့မှ ယနေ့အထိ နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါလူပုဂ္ဂိုလ် ၃၉ ဦးတို့အား စိစစ်ဖော်ထုတ်ပြီး ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများတွင် ဖွင့်လှစ်ထားရှိသည့် ၎င်းတို့၏ဘဏ်ငွေစာရင်းများနှင့် Pay Account များအား ယာယီဆိုင်းငံ့ခြင်းများ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း ၎င်းတို့အား တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိပါသည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| (၁) | Ohn Nyunt Sein | 8/PaKhaKa (N) 331535 |
| (၂) | Aung Ko Win | 5/KaLaNa (N) 034953 |
| (၃) | Phyo Min Aung | 8/TaTaKa (N) 183930 |
| (၄) | Kyaw Thiha Htwe | 9/PaAuLa (N) 014611 |
| (၅) | May Zin Htet | 12/YaPaTha (N)081308 |
| (၆) | Zun Lin Htet Naing | 9/AhMaZa (N) 055282 |
| (၇) | Wai Tha Zin Oo | 7/YaTaYa (N) 228966 |
| (၈) | Aye Thet Mar | 7/AhPhaNa (N)125615 |
| (၉) | Wai Phyo Kyaw | 8/AhLaNa (N) 224563 |
| (၁၀) | Daw Su Po Po Aung | 12/ThaKaTa (N) 215085 |
| (၁၁) | Myo Min | 7/NaTaLa (N) 151381 |
| (၁၂) | Chan Nyein Aung | 7/AhPaNa (N) 117100 |
| (၁၃) | မရင်ရင်မျိုး | 13/LAYANA(N) 191218 |
| (၁၄) | ကောင်းမြတ်ကျော် | 12/YAKANA(N) 089166 |
| (၁၅) | လုံဖူး | 13/HAPATA(N) 014208 |
| (၁၆) | ဒေါ်နှင်းခရေ | 8/YASAKA(N) 257004 |
| (၁၇) | ကျော်ကျော်ဦး | ၁၃/လရန (နိုင်) ၁၈၈၈၅၈ |
| (၁၈) | ကျော်ထွန်းလင်း | ၉/ပမန (နိုင်) ၁၉၁၇၅၀ |
| (၁၉) | သိန်းတိုးအောင် | ၁၃/ကလန (ဧည့်) ၀၀၀၆၂၅ |
| (၂၀) | U KAUNG HTET SAN | 13/TAKANA(N)272872 |
| (၂၁) | Han Min Aung | ၁၀/မဒန(နိုင်)၀၉၈၄၂၁ |
| (၂၂) | MIN KHANT NYI | 12/PAZATA(N)038144 |
| (၂၃) | Thein Zaw Oo | 12/KAMATA(N)047930 |
| (၂၄) | Soe Sandar Win | 5/PALANA(N)081728 |
| (၂၅) | Zin Ko Latt | ၁၄/ဝခမ(နိုင်)၃၄၂၃၃၆ |
| (၂၆) | Shoon Lae Nadi Zaw | ၇/ရတရ(နိုင်)၂၇၀၀၆၉ |
| (၂၇) | Ma Hla Hla | 13/LALANA(N)005245 |
| (၂၈) | Yi Yi Cho | 7/THAWATA(N)181720 |
| (၂၉) | U Wai Lin Aung | 9/MANAMA(N)118774 |
| (၃၀) | Daw San Win | 8/PAKHAKA(N)076098 |
| (၃၁) | Mg Chit Ko | 12/LAMANA(N)054438 |
| (၃၂) | Nawe Nawe Soe | 14/MAMAKA(N)315603 |
| (၃၃) | Min Ko Ko | 5/KHAOUNA (N) 103987 |
| (၃၄) | Daw Tin Zar Myint | 12/YAPATHA(N) 040104 |
| (၃၅) | Nang Yadanar | 9/KHAMASA (N) 057131 |
| (၃၆) | Daw Shauk Chi | 13/TAKANA (N) 123191 |
| (၃၇) | Khin Lwin Lwin Theint | 7/PAKHANA (N) 181332 |
| (၃၈) | Kyaw Ko Ko Khaing | 7/KAWANA (N) 107041 |
| (၃၉) | Thar Htet Zan | 12/YAPATHA (N) 102551 |

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် တရားမဝင်ဒစ်ဂျစ်တယ်ငွေကြေးများ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ဟွန်ဒီဖြင့် တရားမဝင်ငွေလွှဲလုပ်ငန်းဆောင်ရွက်ခြင်းများမပြုလုပ်ကြပါရန် ထပ်မံအသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**(၄-၆-၂၀၂၄)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလရှင်ဆရာလေး ၁၁၁၁ ပါးတို့အား အလှူငွေနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၄**

ဗီယက်နမ်နိုင်ငံမှ အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလရှင်ဆရာလေး ၁၁၁၁ ပါးတို့အား အလှူငွေနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ ဗီယက်နမ်ဆရာတော် ဘဒ္ဒန္တသီလဂုဏနှင့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာလေးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဗီယက်နမ်နိုင်ငံနှင့် နိုင်ငံခြားတိုင်းပြည်များ၌ နေထိုင်သော ဗီယက်နမ်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဒဂုံအရှေ့ပိုင်းမြို့နယ် တိပိဋကဂန္ထဝင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်ကို ရိုသေစွာ နာယူကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆရာတော်ကြီး ၄၅ ပါးနှင့် သီလရှင်ဆရာလေး ၁၁၁၁ ပါးတို့အတွက် အလှူတော်ငွေကျပ် ၁၂၀၀၀၀၀၀၀ လှူဒါန်း၍ ဗီယက်နမ်အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုလန္ဒပါလရမ္မာဝတီ ဆရာတော်ထံမှ သာရဏီယ ဩဝါဒကထာ နာယူကြသည်။

ယင်းနောက် ဗီယက်နမ်ရဟန်းတော် ဘဒ္ဒန္တသမ္မာဒိဋ္ဌိက ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားပြီး ရက္ခိတစွမ်းအား ပရဟိတအဖွဲ့ဥက္ကဋ္ဌ အခမ်းအနားကျင်းပရေး အကျိုးတော်ဆောင် ဦးဝင်းမောင်မောင်က ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ဗီယက်နမ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဗီယက်နမ်ဆရာတော် ဘဒ္ဒန္တသီလဂုဏက ဝမ်းမြောက်ဩဝါဒစကား မိန့်ကြားတော်မူသည်။

ထို့နောက် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိ အရှင်သူမြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလရှင်ကျောင်းတိုက် ၁၂၃ တိုက်မှ သီလရှင် ဆရာလေး ၁၁၁၁ ပါးတို့အား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ၊ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက အလှူငွေနှင့် ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့်တွေ့ဆုံ Myanmar Rice Online-MyRo အစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဇွန် ၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Myanmar Rice Online–MyRo အစီအစဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်း၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နေပြည်တော်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သုံးသီးစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကြဲပက်စိုက်ပျိုးနည်းမှ မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက်များ အသုံးပြုစိုက်ပျိုးနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်မှအဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆန်စပါးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက Myanmar Rice Online–MyRo အွန်လိုင်းမှတ်ပုံတင်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် အထွက်နှုန်းကောင်းသည့် မျိုးစပါးများ စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများနှင့် လယ်ယာသုံးစက်ကိရိယာများ ကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက MSME ထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နေမှုအခြေအနေများကို ဖြည့်စွက်ဆွေးနွေး၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာရေး၊ ရေစီးရေလာကောင်းမွန်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးတို့ကို အမြဲမပြတ်ဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲစေရေး ကြပ်မတ်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူခြင်း၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲနှင့် အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်

**မကွေး ဇွန် ၄**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် MPRL E&P Pte Ltd.(CSR အစီအစဉ်)တို့မှ ကြီးမှူး၍ ဇွန် ၁ ရက်က မန်းရေနံမြေရှိ အောက်ကျောင်းကျေးရွာအဝင်တွင် “သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး” မြေစိုက်ပိုစတာစိုက်ထူခြင်းကို မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီစိုးမင်း ဦးစီး၍ အဖွဲ့ဝင်ငါးဦးနှင့် MPRL E&P Pte Ltd. တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

**ကျင်းပ**

ထို့နောက်အောက်ကျောင်းရွာအခြေခံပညာမူလတန်းကျောင်းတွင် “သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး” ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၄ ဦးဖြင့် လည်းကောင်း၊ ဇွန် ၂ ရက်တွင် မန်းရေနံမြေ အေးမြကျေးရွာအတွင်းရှိ စာပေနန်းတော် စာကြည့်တိုက်တွင် ပန်းချီပြိုင်ပွဲကို မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦးဖြင့် လည်းကောင်း ကျင်းပဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မန်းရေနံမြေရှိ မန်းကျိုးဘုန်းကြီးကျောင်းတိုက်တွင် “သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး” ခေါင်းစဉ်ဖြင့် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေက အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မကွေးမြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၆၉ ဒသမ ၂ သန်းဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မကွေး–နေပြည်တော် ကားလမ်းမကြီးမှ မကွေးမြို့နယ် ဘုရားပြို(မြောက်) ကျေးရွာနှင့် ဘုရားပြို(တောင်) ကျေးရွာသို့ ဆက်သွယ်သည့်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများရေရှည်တည်တံ့ရေး ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက်အမြဲတမ်းအတွင်းဝန်သည် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်နေအမျိုးသမီးငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေ တိုးပွားစေရေး ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြင့်စက်ချုပ် ပညာရပ်များအထိ လေ့လာကြရန်နှင့် မိသားစုဝင်ငွေတိုးပွားရေး စက်ချုပ်ပညာရပ်များဖြင့် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုဒုံမြို့၌ မုန်တိုင်းဘေးတုံ့ပြန်ရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**မုဒုံ ဇွန် ၄**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ပင်လယ်ဆိပ်ကမ်းနားရှိ ဘလောက်ညောင်ဝိုင်းကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မုဒုံမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးက



မုန်တိုင်းသတိပေး အရေးပေါ်ထုတ်ပြန်ချက် (အညိုရောင်အဆင့်) သတင်းကို ကျေးရွာနေပြည်သူများသိရှိစေရန် အသံချဲ့စက်ဖြင့် ကြေညာပြီး ကြိုတင်ပြင်ဆင်သတ်မှတ်ထားသည့် ကုန်းမြင့်ပိုင်းဇရပ် (ဘေးလွတ်ရာနေရာ)သို့ပြောင်းရွှေ့ကြရာ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများကို ကူညီပြောင်းပေးခြင်း၊ ကျန်ရှိသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးသူနာပြုစုစောင့်ရှောက်ခြင်းနှင့် ဆေးရုံဆေးခန်းသို့ လူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ခြင်းကို ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ကြသည်။

**အသိပညာပေး**

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းကို မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူ ၁၂၀ ခန့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာများ အသိပညာပေး ပြောကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် စစ်တွေမြို့နယ် ဖျိုင်းဖြူကျေးရွာဖြစ်စဉ်နှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ စစ်တွေမြို့နယ် ဖျိုင်းဖြူကျေးရွာ ကိစ္စနဲ့ပတ်သက်ပြီး မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေတာကို တွေ့ရပါတယ်။ ဒီစစ်တွေမြို့နယ် ဖျိုင်းဖြူကျေးရွာရဲ့မြောက်ဘက်မှာ ရှိနေတဲ့ ကံပြင်ရွာဟောင်း၊ ကံပြင်ရွာသစ်ပေါ့။ ဖျိုင်းဖြူကျေးရွာဟာလည်း စစ်တွေမြို့နယ်ရဲ့မြောက်ဘက်မှာပဲရှိတာပါပဲ။ ဒီရွာတွေကနေပြီးတော့ AA အကြမ်းဖက်သောင်းကျန်းသူတွေ ခိုအောင်းပြီးတော့ စစ်တွေမြို့ထဲကို Drone တွေနဲ့ Drop Bomb လာချတာတွေ၊ အဝေးကနေ လက်နက်ကြီးနဲ့ ရမ်းသန်းပစ်ခတ်တာတွေကို ယခင်ကတည်းကတိုင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ဖျိုင်းဖြူကျေးရွာ၊ ခုနကပြောတဲ့ကံပြင်ရွာဟောင်း၊ ကံပြင်ရွာသစ်မှာ AA အကြမ်းဖက်သောင်းကျန်းသူတွေ ရောက်ရှိနေတယ်ဆိုတဲ့ ဒေသခံတွေရဲ့ မြေပြင်သတင်းပေးချက်အရ တပ်မတော်အနေနဲ့ မေလ ၂၉ ရက်နေ့မှာ ဖျိုင်းဖြူကျေးရွာမှာ ဝင်ရောက်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့တယ်။ နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့တဲ့နေရာမှာ ရွာထဲဝင်သွားတုန်းကတော့ အေးအေးဆေးဆေးပါပဲ။ ရွာထဲမှာ ရောက်တဲ့အခါမှာ ရွာသားမဟုတ်တဲ့ မသင်္ကာတဲ့လူတွေကို ခေါ်ယူမေးမြန်းနေတယ်။ ခေါ်ယူမေးမြန်းနေတဲ့ အချိန်မှာပဲ ဖျိုင်းဖြူရွာသားမဟုတ်တဲ့ ရွာသားသုံးဦးပေါ့။ ဖျိုင်းဖြူရွာသားမဟုတ်တာတော့ သေချာတယ်။ အဲဒီလူသုံးယောက်က လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ယောက်ရဲ့ သေနတ်ကို လုယူပြီး ရန်ပြုဖို့ကြိုးစားတယ်။ ဒါကြောင့်မို့လို့ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ပစ်ခတ်ခဲ့ရတယ်။ ပစ်ခတ်ခဲ့တဲ့နေရာမှာ ခုနက သေနတ်လုယူတဲ့ အမျိုးသား သုံးဦးသေဆုံးခဲ့တာရှိတယ်။ အဲဒီအထဲမှာ မသင်္ကာတဲ့သူ လူ ၂၀ လောက်ကိုခေါ်ယူထိန်းသိမ်းပြီးတော့မှ စစ်ဆေးလျက်ရှိတယ်။ အဲဒီအထဲမှာပါတဲ့ AA ရဲ့ ယုတ်မာကောက်ကျစ်ပြီး ဝါဒဖြန့်မှုဖြစ်တဲ့ လူ ၄၀ လောက် သေဆုံးတယ်တို့၊ အမျိုးသမီးတွေကို အဓမ္မပြုကျင့်သွားတယ်ဆိုတဲ့ ကိစ္စမျိုးဖြစ်ပျက်ခဲ့ခြင်းမရှိပါဘူး။ AA အနေနဲ့ ဒါတွေဘာလို့လုပ်သလဲဆိုတော့ AA အနေနဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်အတွင်းမှာ ဘင်္ဂါလီတွေကို သတ်ဖြတ်ခဲ့တယ်။ ဘင်္ဂါလီတွေရဲ့ အိမ်တွေကို မီးရှို့ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ လူမှုအဖွဲ့အစည်း




တွေ၊ မီဒီယာတွေ၊ ကမ္ဘာ့အဖွဲ့အစည်းအချို့က၊ နိုင်ငံတကာအဖွဲ့အစည်းအချို့က သူတို့ကို ဖိအားပေးတဲ့အချိန်မှာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းသာ ဖြစ်ပါတယ်။

ဘူးသီးတောင်မြို့မှာဆိုရင် မေလ ၁၇ ရက်နေ့၊ ၁၈ ရက်နေ့ အဆိုးဆုံးပါပဲ။ မေလ ၁၇ ရက်နေ့ ည ၉ နာရီခွဲလောက်ကဆိုရင် AA အနေနဲ့ ဘူးသီးတောင်မြို့ထဲကို ဝင်ရောက်လာတဲ့အကြောင်း သတင်းရတယ်။ ပြီးရင် ဘင်္ဂါလီတွေရဲ့ နေအိမ်တွေကို မီးရှို့ခဲ့ပြီး ဘင်္ဂါလီအားလုံးကို ထွက်သွားဖို့ဆိုပြီး နှင်ထုတ်ခဲ့တာမျိုးရှိပါတယ်။ ဒါ့အပြင် ဘူးသီးတောင်နားလေးမှာရှိတဲ့ ကျေးရွာတွေ အိုးသည်ရွာတို့၊ ပြီးရင် ဘူးသီးတောင် အရှေ့ဘက်မှာရှိတဲ့ရွာတို့ အားလုံးကို ဘင်္ဂါလီတွေရဲ့ရွာတွေကို မီးရှို့ခဲ့တာဖြစ်တယ်။ ဒါ့အပြင် အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွေရှိတယ်ဆိုတဲ့ သတင်းတွေလည်း ရရှိပါတယ်။ အထောက်အထား ခိုင်လုံစွာနဲ့ ရရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဖုံးကွယ်ဖို့အတွက် လုပ်ဆောင်နေတာဖြစ်တယ်။ ဒါကို ကျွန်တော် ယခင်တစ်ခါလည်းပြောခဲ့ပြီးပါပြီ၊ AA အနေနဲ့က တစ်ဖက်သတ် အစွန်းရောက်လူမျိုးရေးခွဲခြားမှု၊ တစ်ဖက်သတ် အစွန်းရောက် လူမျိုးရေးလှုံ့ဆော်မှုတွေနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တည့်တည့်ပြောရရင် ဒီ AA အဖွဲ့အစည်းဟာ ဗမာမုန်းတီးရေး၊ ဘင်္ဂါလီမုန်းတီးရေး။ ဒါ့အပြင် အဲဒီမှာရှိနေတဲ့ လူမျိုးစုငယ်တွေဖြစ်တဲ့ မြို၊ ခမီ၊ သက်၊ ဒိုင်းနက်စတဲ့ တိုင်းရင်းသားလူမျိုးစုတွေကိုပါ မုန်းတီးရေးလုပ်နေတဲ့ အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးနဲ့ရပ်တည်နေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

ယခင်ကလည်း ကျွန်တော်တို့ AA ကနေပြီး AA တပ်ဖွဲ့ဝင်တွေ၊ AA ကိုထောက်ပံ့နေတဲ့အဖွဲ့တွေရဲ့ မူးယစ်ဆေးဝါးသယ်ဆောင်မှုတွေ၊ ဖြန့်ဖြူးမှုတွေ အကြောင်း ပြောခဲ့ပြီးပါပြီ။ အခုအနီးဆုံးအနေနဲ့ မတ်လ ၂၁ ရက်နေ့မှာဆိုရင် AA ရဲ့ ထောက်ပံ့ရေးတာဝန်ခံ တရားခံပြေး သန့်ဇင်ဦးက ဘူးသီးတောင်မြို့မှာနေတဲ့ AA သောင်းကျန်းသူအဖွဲ့ရဲ့ထောက်ပံ့ရေးတာဝန်ခံ တရားခံပြေး မေယုထွန်းနဲ့ ချိတ်ဆက်ပြီးတော့ မူးယစ်ဆေးဝါးတွေ ရန်ကုန်ကနေတစ်ဆင့် စစ်တွေ ဘူးသီးတောင်ကိုပို့ဆောင်ဖို့ လုပ်ဆောင်နေတဲ့အကြောင်း တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးချက်အရ ရန်ကုန် တာမွေမြို့နယ်မှာ ဝင်ရောက်ဖမ်းဆီးခဲ့တယ်။ တရားခံ ထွန်းသိန်းအောင်နဲ့ သူ့ရဲ့ဇနီး နှစ်ယောက်ဖမ်းမိပါတယ်။ သူ့တို့ရဲ့ ထွက်ဆိုချက်အရ ကျွန်တော်တို့ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဆိပ်ကမ်းမှာရှိတဲ့ အမှတ်(၂) တံတားမှာ စိုက်ကပ်ထားတဲ့ ရန်ကုန်–စစ်တွေ ပြေးဆွဲနေတဲ့ အမ်ဗွီ–စိန်ပြည့်မင်း ကုန်တင်သင်္ဘောကို ဝင်ရောက်စစ်ဆေးတဲ့အခါမှာ စက္ကူဖာတွေအတွင်းက WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သန်းနဲ့ ကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံခန့် ဖမ်းဆီးရရှိခဲ့တာဖြစ်တယ်။ သူတို့ကို ကျွန်တော်တို့ ဖမ်းဆီးတဲ့နေရာမှာ စစ်တွေမြို့ ဘောက်သီးစုရပ်ကွက်မှာရှိတဲ့ တရားခံပြေး သန့်ဇင်ဦးကနေ ရန်ကုန်ကနေ စစ်တွေကို ပို့ပေးရင် ငွေပေးမယ်ဆိုပြီး သဘောတူလက်ခံခဲ့တာဖြစ်တယ်။ ပြီးရင် ဒီအမ်ဗွီ–စိန်ပြည့်မင်း သင်္ဘောပေါ်မှာတင်ခဲ့တာဖြစ်တယ်။

၂၀၁၆ ခုနှစ်ကနေ ဒီမတ်လအတွင်း AA သောင်းကျန်းသူအဖွဲ့နဲ့ဆက်စပ်တဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၉ ကြိမ်ရှိခဲ့တယ်။ မူးယစ်ဆေးဝါးကာလတန်ဖိုး ငွေကျပ် ၂၉၄ ဒသမ ၈၂ ဘီလီယံဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မေလ ၂၉ ရက်နေ့မှာလည်း AA အကြမ်းဖက်အဖွဲ့ကို ပို့မယ့် ရန်ကုန်ကနေ ပြည်ကို မောင်းနှင်လာတဲ့ မော်တော်ယာဉ်တစ်စီးပေါ့။ အဲဒီမှာ ထွန်းထွန်းဝင်း၊ တေဇ သူတို့သယ်ဆောင်လာတဲ့ အုတ်ခဲတွေနဲ့ရော သယ်ဆောင်လာတဲ့ ကားတစ်စီးကို စစ်ဆေးခဲ့တယ်။ အဲဒီမှာ WY စာတန်းပါ မူးယစ်ဆေးဝါး အုတ်ခဲပုံအထုပ် ၂၀ စီပါတဲ့ အိတ် ၁၀ အိတ်၊ အုတ်ခဲပုံအထုပ် ၁၀ ခုစီပါတဲ့ အိတ် ၉ အိတ် WY စာတန်းပါ ဆေးပြားစုစုပေါင်း ၂၉ သိန်း၊ ကာလတန်ဖိုးငွေကျပ် သိန်း နှစ်သောင်းလောက် ဖမ်းဆီးရမိခဲ့ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ခုနကပြောသလို လူမျိုးရေးအစွန်းရောက်လှုံ့ဆော်မှုတွေ၊ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွေ၊ မီးရှို့ ဖျက်ဆီးမှုတွေကို ရခိုင်ပြည်နယ်အတွင်းမှာ လုပ်ဆောင်နေတဲ့အပြင် ရခိုင်ပြည်နယ်အတွင်းမှာ တစ်မျိုးသားလုံးလူညွှန့်တုံးစေဖို့ မူးယစ်ဆေးဝါးရောင်းဝယ်တာတွေ၊ ဖြန့်ဖြူးတာတွေ ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ တိုင်းရင်းသားမိဘညီအစ်ကို မောင်နှမများ ပြည်သူများအနေနဲ့ သူတို့ရဲ့ အစွန်းရောက်လုပ်ရပ်တွေ၊ ရခိုင်တစ်မျိုးသားလုံးကို လူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ ဒီအကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့ကို သတိရှိဖို့လိုပါတယ်။ ဒီဟာတွေကို ဆောင်ရွက်နေခြင်းဟာ ရခိုင်ပြည်နယ် ရခိုင်ပြည်သူလူထု၊ ကျွန်တော်တို့ မြန်မာနိုင်ငံ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် အကျိုးယုတ်စေမယ့် လုပ်ငန်းတွေပဲဖြစ်လို့ အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ သတိပေးပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကမ္ဘာ့ပထမဆုံး သစ်သားဂြိုဟ်တုကို ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများ တီထွင်

တိုကျို ဇွန် ၄

ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများသည် ကမ္ဘာ့ပထမဆုံး သစ်သားဂြိုဟ်တုကို တီထွင်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။ ယခုဆောင်ရွက်ချက်မှာ သစ်သားကို အာကာသတွင် အသုံးပြုနိုင်ကြောင်း သက်သေပြနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

သမားရိုးကျသတ္တုဖြင့် ပြုလုပ်ထားသော ဂြိုဟ်တုများသည် ရာသီဥတုနှင့် ဆက်သွယ်ရေးကို ဆိုးရွားစွာ ထိခိုက်စေကြောင်း သိရသည်။ ယခုဂြိုဟ်တုတွင် အတွင်းအပူချိန်ကို တိုင်းတာရန် ကိရိယာများ တပ်ဆင်ထားသည်။



အမေရိကန်၌ စက်တင်ဘာလတွင် လွှတ်တင်မည့် ၎င်းသစ်သားဂြိုဟ်တုမှာ နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိမည်ဖြစ်သည်။ သစ်သားသည် အာကာသထဲတွင် တာရှည်ခံပစ္စည်း ဖြစ်ကြောင်း သက်သေပြရန် မျှော်လင့်ထားကြောင်း ကျိုတိုတက္ကသိုလ် ပါမောက္ခ Doi Takao က ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – စိုးသူရ

## အမေရိကန်သမ္မတ ဘိုင်ဒင် အဆိုပြုထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ထောက်ခံကြောင်း စက်မှုထိပ်သီး ခုနစ်နိုင်ငံပြောကြား

ဂျေရုဆလင် ဇွန် ၄

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်သမ္မတ ဘိုင်ဒင် အဆိုပြုထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အပြည့်အဝထောက်ခံကြောင်း စက်မှုထိပ်သီးခုနစ်နိုင်ငံမှ ခေါင်းဆောင်များက ထုတ်ပြန်သည့်ထုတ်ပြန်ချက်တွင် ယနေ့ပြောကြားသည်။

မိမိတို့ စက်မှုထိပ်သီးခုနစ်နိုင်ငံ ခေါင်းဆောင်များသည် ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး ရရှိစေမည့် ၎င်းသဘောတူညီချက်ကို ကြိုဆိုပြီး ယင်းအပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ဓားစာခံများ လွှတ်မြောက်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဂါဇာဒေသသို့ ဝင်ရောက်လာစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ယင်းအပစ်အခတ်ရပ်စဲရေးကို လက်ခံရန် စက်မှုထိပ်သီးခုနစ်နိုင်ငံက ဟားမတ်စ်အား တိုက်တွန်းခဲ့သည်။ ဟားမတ်စ်က ယင်းအပစ်အခတ်ရပ်စဲရေးကို အပြုသဘောဆောင်သည့်ဘက်မှ ကြိုဆိုခဲ့သော်လည်း ထာဝရတည်တံ့သည့် အပစ်အခတ်ရပ်စဲရေးကို ရယူလိုကြောင်း ပြောကြားခဲ့သည်။ ယင်းအပစ်အခတ်ရပ်စဲရေးရရှိရေးအတွက် သင့်တော်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်ရေးအတွက် ကာတာစော်ဘွား Amir Sheikh Tamim Bin Hamad Al Thani အား ဘိုင်ဒင်က တိုက်တွန်းခဲ့သည်။ သို့ရာတွင် အပစ်အခတ်ရပ်စဲရေးကို လွယ်လွယ်ကူကူဖြင့် ညှိနှိုင်းဆောင်ရွက်မည်မဟုတ်ဟု အစ္စရေးအစိုးရအဖွဲ့အတွင်းမှ လက်ယာစွန်းရောက်များက ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဂါဇာဒေသ အလယ်ပိုင်းရှိ ဒုက္ခသည်စခန်းကို အစ္စရေးက တိုက်ခိုက်ခဲ့သဖြင့် အရပ်သားသုံးဦး သေဆုံးကြောင်း ပါလက်စတိုင်းမီဒီယာများက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ

# မင်းလှမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများကို သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၄

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လမ်းကြောင်းတစ်လျှောက်မှ ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများ လုပ်ဆောင်ခဲ့ရာ ပြည်သူ ၁၀ ဦးကျော် သတ်ဖြတ်ခံရကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




### မှန်ကန်မှုမရှိ

ဖြစ်စဉ်အမှန်မှာ မင်းလှမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက မေ ၂၉ ရက်နှင့် ၃၁ ရက်တို့တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ တိုက်ပွဲများဖြစ်ပွားခဲ့ရာ အကြမ်းဖက်သမားများထံမှ အလောင်း နှစ်လောင်း၊ လက်လုပ်သေနတ် နှစ်လက်နှင့် ဖောက်ခွဲရေးပစ္စည်းအချို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေသည်မှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

### လုပ်ကြံရေးသား

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မြေပြင်တွင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်လွဲမှားစွာ လုပ်ကြံရေးသားပြီး အရှက်တရားမဲ့စွာ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ငွေကျပ် ၂ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ငွေကျပ် ၂ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိဘိန်းဖြူ ၅၅ ကီလို ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် ညနေ ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကွန်ပျူတာတက္ကသိုလ်ရှေ့ ကလေး-ကလေးဝ သွားကားလမ်းတွင် ဝင်းအောင်ထွန်းမောင်းနှင်ပြီး တင်မောင်လှ လိုက်ပါလာသည့် MITSUBISHI FUSO ခြောက်ဘီး Container Box ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ပလတ်စတစ်ဆပ်ပြာခွက် ၅၅၀၀ ဖြင့်ထည့်လျက် ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ သိမ်းဆည်းရမိဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူများဖြစ်သည့် သော့နေလွယ်(ခ)ပါးလွယ်နှင့် ဇနီးဖြစ်သူ မအေးအေးမြင့် တို့အပါအဝင် ဝင်းအောင်ထွန်းနှင့် တင်မောင်လှတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# နောင်ချိုမြို့၊ မိုင်းဆတ်မြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၄

နောင်ချိုမြို့၊ မိုင်းဆတ်မြို့နယ်၊ မိုင်းရယ်မြို့နယ်နှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် နံနက် ၉ နာရီတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် တင်မောင်ဆွေမောင်းနှင်ပြီး မြင့်အောင်(ခ)အောင်ကြီး လိုက်ပါလာသည့် NISSAN AD VAN အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇွန် ၃ ရက် နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မဟုန်လွယ်ကျေးရွာအုပ်စု မဟုန်လွယ်ကျေးရွာအနီးတွင် ကျဇီမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဇွန် ၂ ရက် ညနေ ၄ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် မန်စန့်ကျေးရွာအုပ်စု မန်စန့်ကျေးရွာရှိ မိတီ ၎င်းနေထိုင်သည့်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ မူးယစ်ဆေးဝါးရောင်းဝယ်ရန် ရောက်ရှိနေသူ ရန်ပြေအား စိတ်ကြွရူးသွပ်ဆေးပြား ၄၉၄၀၀၊ အိုက်စ် သုည ဒသမ ၉ ကီလို၊ ကက်တမင်း သုည ဒသမ ၆ ကီလိုနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး နေအိမ်ခြံဝင်းအတွင်းတွင်ရပ်ထားသည့် ရန်ပြေ၏ NISSAN AD VAN ယာဉ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၈၀၀ ကိုလည်းကောင်း။


ရန်ပြေအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အပြင် ဇွန် ၂ ရက် ညနေ ၅ နာရီမိနစ် ၄၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ ရပ်ကွက် (၁၂) နယ်မြေ (၁၆) စကိတ်ကွင်းလမ်းမပေါ်တွင် လင်းထက်ဦး မောင်းနှင်လာသည့် WISH အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၆ နာရီ ၁၀ မိနစ်တွင် လားရှိုးမြို့ (၁၂)ရပ်ကွက် နယ်မြေ (၁၃) တွင် ၎င်းနေထိုင်သည့် နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ ကိုလည်းကောင်း ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိ သည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၆-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ အဏ္ဏဝါအမှိုက်သရိုက်နှင့်ပလတ်စတစ်ညစ်ညမ်းမှု
- ၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ် 'နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးလယ်ယာကဏ္ဍအလေးပေး'
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရွှယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၁၀ သီချင်းကြိုးပဒေသာ
- ၁၂:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂)
- ၁၅:၃၅ Weekly Soccer Preview
- ၁၆:၃၅ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာပေးစကားဝိုင်း(အပိုင်း-၂)
- ၁၇:၁၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ 'ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး' (အပိုင်း-၁)
- ၁၇:၃၅ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်အားလုံးပူးပေါင်းကာကွယ်ကြမယ်
- ၁၇:၄၅ Next Level
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၂၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံ) 'တ္တလ္လိသဒ္ဓိစိတ္တဇာတ်တော်' (ပထမဆု) (တော်ဝင်ရုပ်စုံသဘင်ပြိုင်ပွဲ) (ရန်ကုန်တိုင်းဒေသကြီး)

### mitv

- 07:01 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- 07:09 Traditional Myanmar Theatrical Performance: Harmonious Performance of Myanmar Orchestra (Hsaing Waing)
- 07:20 Ecotourism: Naga Traditional Customs
- 07:40 Oboist and His Life
- 08:01 News
- 08:26 Asia Updates; A Chirping Contest
- 08:32 Let's go to Hlawga Nature Park
- 08:52 World Environment Day
- 09:01 Faith & Worship (Part-2)
- 09:25 Enchanting Myeik
- 09:40 Clay Art On Canvas: Ricky Zachariah
- 10:01 News

### MRTV NRC

- ရှမ်း (၀၆:၀၀ မှ ၀၈:၀၀) ချောကလက်အိပ်မက်
- ပ (၀၈:၀၀ မှ ၁၀:၀၀) ကြက်မောက်သီးနှင့်ကျန်းမာရေး
- ကချင် (၁၀:၀၀ မှ ၁၂:၀၀) အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်
- ကယား (၁၂:၀၀ မှ ၁၄:၀၀) ပညာရှိကဏန်း(ပုံပြင်)
- ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀) ပဲ့ကိုင်ရှင်
- အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀) စားလို့ကောင်းတဲ့ရဲယိုရွက်ငါးပေါင်း
- အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀) မုလအိ(အပိုင်း-၂)
- ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀) ချင်းရိုးရာဝက်အူအစာသွပ်
- ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀) မင်းတပ်မြို့ရဲ့ရိုးရာသီအလှပုံရိပ်များ
- မွန် (၁၉:၀၀ မှ ၂၁:၀၀) ဓလေ့ရိုးရာလက်မှုပညာမွန်ရိုးရာလက်ရက်ကန်း
- ရခိုင် (၂၁:၀၀ မှ ၂၃:၀၀) ထူးဆန်းဖွေ့ရာရခိုင့်ဓလေ့ရေးရိုးရာ (ရခိုင်ချိန်ခွင်)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ဟီဘေးဝေချန်စီးရီး(အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလောနဲ့'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၇)
- ၁၈:၀၀ Economic Review

### MRTV FARMERS / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ MSME လုပ်ငန်းစွမ်းအားနိုင်ငံ့စီးပွားအင်အား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၀၀ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာပေးစကားဝိုင်း(ပထမပိုင်း)
- ၁၈:၀၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
- ၁၈:၃၀ ငပွေး(ဇာတ်လမ်း)
- ၂၂:၀၀ Kijukiro (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Euro 2024 Program
- ၀၇:၄၀ Weekly MNL Review
- ၁၆:၁၀ အောင်မြင်မှုမြင့်မားခဲ့သည့်မြန်မာ့အားကစား
- ၁၇:၀၀ အားကစားသတင်း

Scan Here: MRTV, MRTV, MRTV Radio, MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့်ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်၌ ပလတ်စတစ်ပုံးဖြင့်ထည့်၍မြှုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်မဖြစ်စေရေး သက်မဲ့ပြုလုပ်သိမ်းဆည်း

နေပြည်တော် ဇွန် ၄

ရန်ကုန်- မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သိမ်ဆိပ်နှင့် ဒုံဝန်းအကြား မိုင်တိုင်အမှတ်(၁၂၂/၁၄) ရထားလမ်းပေါ်၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပလတ်စတစ်ပုံးဖြင့်ထည့်၍ မြှုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းအား တာဝန်ကျဝန်ထမ်း တစ်ဦးက တွေ့ရှိသဖြင့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ ထံ သတင်းပို့ခဲ့သည်။

**မိုင်းအားရှင်းလင်း**

မိုင်းဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ရောက်ရှိလာပြီး အဆိုပါမိုင်းအားရှင်းလင်းခဲ့ရာ သိမ်ဆိပ်-ဒုံဝန်းလမ်းပိုင်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရှိ အမှတ်(၈၁)အဆန် လူစီးအမြန်ရထားသည် နှင်းပုလဲဘူတာသို့ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိရပ်တန့်ခဲ့ရပြီး မိုင်းရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်၍ညနေ ၄ နာရီခွဲမှ ပြန်လည်ထွက်ခွာနိုင်ခဲ့သဖြင့် အဆိုပါရထားသည် ၃နာရီ မိနစ် ၂၀ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ရသည်။

ထို့အတူ အမှတ်(၆၈၅) ကျောက်ရထားသည် သိမ်ဆိပ်သို့ မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၆၈၇)ကျောက်ရထားသည် ဒုံဝန်းသို့ ၁၂ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၂၇၁) ကုန်ရထားသည် ကျိုက်ထိုဘူတာသို့ ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း အသီးသီးရပ်တန့်စောင့်ဆိုင်းခြင်းပြုလုပ်ခဲ့ကြရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက် တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ ဖျက်ဆီးခြင်း ၂၀၆ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၆၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၄၂ ကြိမ် ကျူးလွန်ခဲ့ကြသည်။

**အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေ**

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေးနှင့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း နှောင့်နှေးကြန့်ကြာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်း အပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်၌ ပလတ်စတစ်ပုံးဖြင့်ထည့်၍မြှုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းကို တွေ့ရစဉ်။



ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့်ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်၌ ပလတ်စတစ်ပုံးနှင့်ထည့်၍မြှုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်သိမ်းဆည်းစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့အချင်းချင်းပစ်ခတ်မှုဖြစ်ပွား

နေပြည်တော် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်း မေ ၂၈ ရက်တွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့အချင်းချင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်အဖွဲ့များနှင့် မိသားစုဝင်များ သေဆုံး/ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုခရိုင်အတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမားနှစ်ဦးသည် မေ ၂၈ ရက် နံနက်ပိုင်းတွင် ဒီပဲယင်းမြို့နယ် တည်တောကျေးရွာရှိ ၎င်းတို့၏မိဘများထံသို့ လာရောက်စဉ် ကျေးရွာအဝင်၌ ဒီပဲယင်းမြို့နယ်ရှိ ဒေသခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် စကားများရာမှ ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ရွှေဘိုခရိုင်အတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမား တစ်ဦးနှင့် မိသားစုဝင် လေးဦး စုစုပေါင်း ငါးဦး သေဆုံးကာ PDF အမည်ခံအကြမ်းဖက်သမား တစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

ထိုသို့ ထွက်ပြေးလွတ်မြောက်သွားသူက ၎င်း၏ ခေါင်းဆောင်ဖြစ်သူအား သတင်းပို့တိုင်ကြားခဲ့ရာ ခေါင်းဆောင်ဖြစ်သူက တည်တောကျေးရွာသို့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် လာရောက်ရာမှ ဒီပဲယင်းမြို့နယ်ရှိ ဒေသခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထပ်မံပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး PDF အမည်ခံအကြမ်းဖက်သမားသုံးဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။




ထိုသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် လက်နက်အားကိုးဖြင့် ပြည်သူလူထုအပေါ် အနိုင်ကျင့်ဗိုလ်ကျခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသူများအား အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အချင်းချင်းသည်လည်း နယ်မြေလုခြင်း၊ အာဏာလုခြင်း၊ ဆက်ကြေးငွေများကို အလွဲသုံးစားပြုလုပ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး အချင်းချင်းအနိုင်ကျင့်ဗိုလ်ကျ သတ်ဖြတ်မှုများလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သဃ်န်းကျွန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ၂၉ ရပ်ကွက် မင်းဒင်လမ်း ပုညကာရီဓမ္မာရုံ၌ တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သဃ်န်းကျွန်းမြို့နယ်မှ တာဝန်ရှိဝန်ထမ်းများက ၂၉ ရပ်ကွက် မင်းဒင်လမ်း ပုညကာရီဓမ္မာရုံသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် ပြည်သူများ၊ အသက် ၁၀ နှစ်ပြည့်ပြီးသူနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ ပျောက်ဆုံး၊ ပျက်စီးမှုများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သိန်းအောင်**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ကျောင်းသား ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရ

ထားဝယ် ဇွန် ၄

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မရှိစေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများအား ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သောင်းကျန်းသူများက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ကျောင်းတက်ရန် ကျောင်းသား ကျောင်းသူများစီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တစ်စီးအား လောင်းလုံးမြို့နယ် ပဥ္စသီမော် ကျေးရွာအနီးတွင် လောင်းလုံး PDF အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ထို့ပြင် ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ထားခဲ့သည့် ဗုံးသီးတစ်လုံး ပေါက်ကွဲမှုကြောင့် ကျောင်းသားတစ်ဦး သေဆုံးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူစုစုပေါင်း ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အားပေးစကားပြောကြား**

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုနှင့် ဗုံးသီးပေါက်ကွဲမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အပြစ်မဲ့ပြည်သူများအား အမှတ်(၁၂) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)နှင့် ထားဝယ်ပြည်သူ့ဆေးရုံကြီးတို့၌ လိုအပ်သောဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးအောင်မျိုးထွန်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ဆေးကုသပေးနေမှုများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၃ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Zin May Khine” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ(အနောက်)ရပ်ကွက်နေ ဇင်မေခိုင်အား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Tin Htut Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ တင်ထွဋ်အောင်အား နံနက် ၁၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း အစရှိသည့် အသင်းအဖွဲ့များနှင့် ညှိနှိုင်း၍ ပို့ကုန်တင်ပို့ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကူညီဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပပို့ကုန်ပစ္စည်းများအနက်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်/ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ရန်လျာထားမှုအပေါ် ၂၀၂၄ ခုနှစ် ဇွန် ၄ ရက် စာရင်းများအရ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းရှစ်ခုတွင် ဆန်တင်ပို့နိုင်ရန် ဆန်သင်္ဘောရှစ်စင်း ဆိုက်ကပ်လျက်ရှိပြီး အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Alone International Port Terminal) မှ ဆန်တန်ချိန် တန် ၁၂၅၀၀၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Yangon International Gateway Terminal) မှ ဆန်တန်ချိန် တန် ၁၂၅၀၀၊ ယခင် ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal) မှ ဆန်တန်ချိန် တန် ၁၀၀၀၀၊ WILMAR ဆိပ်ကမ်း (Wilmar International Port Terminal) မှ ဆန်တန်ချိန် တန် ၉၈၀၀ နှင့် ဆူးလေဆိပ်ကမ်း (Sule Pagoda Wharves) မှ ဆန်တန်ချိန် ၉၁၁၂၀ စုစုပေါင်း တန် ၁၃၅၉၂၀ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ဆန်တန်ချိန် ၇၄၀၀၀ တင်ပို့ရန်အတွက် သင်္ဘောလေးစင်း ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **မြန်မာအမျိုးသမီးမှ**

ပွဲစဉ်(၆)အဖြစ် ဇွန်၅ရက်တွင်စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် YREO အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇွန် ၆ ရက်တွင် ပဒုမ္မာကွင်း၌ ဧရာဝတီအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၅)အပြီးတွင် အား/ကာသိပ္ပံအသင်းက ငါးပွဲကစား ၁၁ မှတ်၊ ဧရာဝတီအသင်းက လေးပွဲကစား ၁၀ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက လေးပွဲကစား ကိုးမှတ်၊ လက်ရှိချန်ပီယံ မြဝတီအသင်းက ငါးပွဲကစား ခုနစ်မှတ်၊ YREO အသင်းက လေးပွဲကစား သုံးမှတ်၊ သစ္စာအားမာန်အသင်းက လေးပွဲကစား နှစ်မှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ယခုတစ်ပတ်တွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် အား/ကာသိပ္ပံအသင်းပွဲ မပါဝင်သဖြင့် ဒုတိယနေရာမှ တစ်ပွဲလျော့ကစားထားသည့် ဧရာဝတီအသင်းသည် မြဝတီကို အနိုင်ကစားနိုင်ပါက ထိပ်ဆုံးနေရာ ရယူနိုင်မည်ဖြစ်သည်။

**ကိုညီလေး**

✻ **ဂျပန်မှ**

အန်ဒို၊ လာဇီယိုအသင်းမှ ကာမာဒါ၊ မိုနာကိုအသင်းမှ မီနာမီနို၊ ဆိုစီဒက်အသင်းမှ ကူဘို၊ ဖီယင်နုအသင်းမှ ယူအီဒါစသည့်ကစားသမားများ ပါဝင်လာသည်။ ဂျပန်လက်ရွေးစင်အသင်းသည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် ရောက်ရှိလာပြီးနောက် ဇွန် ၄ ရက် ညနေပိုင်းတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ပထမဆုံးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျပန်လက်ရွေးစင်အသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို ဇွန် ၆ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၆-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၅ | ၂၆၄၅ | ၂၆၂၀ | ၂၅၇၅ | ၂၆၄၅ | ၂၆၆၀ | ၂၆၇၀ | ၂၆၂၅ | ၂၇၅၅ | ၂၇၈၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၇၀ | ၂၆၈၀ | ၃၀၉၀ | ၄၃၀၀ |
| 95 Ron | ၂၆၆၅ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၅ | ၂၈၅၅ | ၂၈၈၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၉၀ | ၄၄၅၀ |
| HSD (500 ppm) | ၂၃၃၀ | ၂၄၁၀ | ၂၃၈၅ | ၂၃၄၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၉၀ | ၂၅၂၀ | ၂၅၅၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၃၅ | ၂၄၄၅ | ၂၈၅၅ | ၄၄၀၀ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၃ | ၂၅၁၅ |
| 95 Ron | ၂၅၂၇ | ၂၆၁၁ |
| HSD (500 ppm) | ၂၂၀၄ | ၂၂၇၇ |
| HSD (50 ppm) | ၂၂၅၁ | ၂၃၂၅ |
| HSD (10 ppm) | ၂၂၅၁ | ၂၃၂၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေး

ပုသိမ် ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ကျောင်းနေအရွယ်ကလေးများအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်နိုင်ရေးနှင့် စဉ်ဆက်မပြတ် အတန်းစဉ် ကူးပြောင်းပညာသင်ကြားနိုင်ရေးအတွက် ယနေ့မွန်းလွဲပိုင်းက ပုသိမ်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၁၄)ရပ်ကွက်ရှိ သုခရိပ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မဂ္ဂကျွန်းကျေးရွာအမှတ်(၄) မူလတန်းလွန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့သွားရောက်၍ ကျောင်းသားကျောင်းသူလေးများအတွက် ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာပစ္စည်းများနှင့် အဆောင်နေကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ၊ ကြက်ဥ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန
၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်စို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။

# မုံရွာစီးပွားရေးတက္ကသိုလ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မုံရွာ ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းတွင် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မဟော်ဂနီပျိုးပင်ကို စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်း သစ်ပင်စိုက်ပျိုးပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ လာရောက်ကြသည့် ဌာနဆိုင် ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ နေအိမ်များတွင် စိုက်ပျိုးနိုင်ရန်အတွက် အရိပ်ရပျိုးပင် ၅၀၀ အခမဲ့ ဖြန့်ဝေနေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား အရိပ်ရပျိုးပင်များကို ပေးအပ်ခဲ့ကြသည်။

အဆိုပါ မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ကျင်းပသော ၂၀၂၄ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ တမာ၊ ကျွန်း၊ ကုက္ကို၊ ခရေ၊ စိန်ပန်းကြီး၊ တပေဘူတ၊ မည်စည်၊ မဲဇလီ၊ မာတာကွတ်၊ ငုရွှေဝါ၊ ပိတောက်၊ ဝါး စုစုပေါင်းပျိုးပင် ၁၀၀၀ စိုက်ပျိုးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၄

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ ဟင်္သာတတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ဇွန် ၄ ရက်က ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီရွှေနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ခရိုင်(ပြန်/ဆက်)

# မိုင်းယောင်းမြို့၌ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

မိုင်းယောင်း ဇွန် ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပထမအကြိမ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဇော်မင်းဆွေနှင့် တာဝန်ရှိသူများက ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက် ၁၁ တိုက်သို့ အလှူငွေကျပ် ၈၀၀၀၀နှင့် စာအုပ်စာစောင် ၁၁၉၅ အုပ်ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူပြီး မြို့မိမြို့ဖ ဦးစိုင်းအောင်ခမ်းက ကျေးဇူးတင်စကားပြောကြားသည်။ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို အခမ်းအနား တက်ရောက်လာကြသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**



# The Perfect English

ကြေးမုံသတင်းစာတွင် အထူးကဏ္ဍအဖြစ် ဖော်ပြပါရှိခဲ့သော SUPPLEMENT လေ့လာစရာ အင်္ဂလိပ်စာ

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဇွန်လအတွက်
Grade 4 မှ Grade 12 အထိ တန်းစဉ်ထွက်ပြီ

တန်ဖိုး - ၁၀၀၀ ကျပ်

နေပြည်တော် - ဒေါ်မျိုးမျိုးဝင်း 09 250798223၊ 09 43157071
ရန်ကုန် - ဦးမျိုးကို 09 765939789၊ ကိုထွန်းစာပေ 09421060654
မန္တလေး - မောင်မောင်ပြေစာပေ 09 774503038 သို့
မှာယူနိုင်ပါသည်။


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ မြေကွက်အမှတ်(၆၆၃) ဒေါ်ကြင်ထွေးအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် လက်ဝယ်ထားဝယ်ယူပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချသူဦးဇော်မိုးအောင်[၁၂/သလန(နိုင်) ၀၀၀၀၄၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဒေါ်စန္ဒာမွန် [၁၀/ဘလန(နိုင်)၀၉၈၀၁၂] က အပြီးအပိုင် တရားဝင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်တွင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာမွန်[၁၀/ဘလန(နိုင်)၀၉၈၀၁၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နေခြည်ဝင်းထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၁၉)**
**အမှတ်(၃၃/၄၉)၊ ရှိုင်းကွန်ဒို(မြေညီ)၊ မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၃၄၆၂၃၀၆၊ ၀၉-၇၇၃၇၃၆၉၂၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ် (၃၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ(ဟောင်ကောင်) (၃)ထပ်တိုက်အနက်မှ ပထမထပ် (ညာ)၊ အကျယ်အဝန်း (၁၅x၅၀) ပေရှိ (ဟောင်ကောင်ဝမ်းဆက်)တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မာဆွေ [၁၂/မဂတ(နိုင်)၀၈၃၇၁၉] ကိုင်ဆောင်သူမှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဘောဘီ[၁၂/မဂတ(နိုင်)၀၃၀၇၈၅]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်မာမာသိန်း (LL.B) | ဒေါ်နီနီဝင်း (LL.B) | ဦးထွန်းသူအောင် (LL.B) |
|---|---|---|
| (စဉ်-၈၇၉၂) | (စဉ်-၅၁၇၁၈) | (စဉ်-၅၅၇၆၄) |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၈၈၆၀၅၊ ၀၉- ၅၀၆၄၉၅၉**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ နန်းခင်ဇာခြည်ထွေး [၁၀/သထန(နိုင်)၂၆၆၄၆၄] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-09-786218050**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၉) ကျောင်း၊ Grade-9 အောင်မှ မောင်ဆွတ်ရိန်နော်၏ ဖခင်အမည်မှန်မှာ ဦးဒီမုန်ဘန်နော်ထွယ် [၁/မခဘ(နိုင်)၀၀၀၀၆၆] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ လင်္ကာန်းအိမ်လမ်း၊ အမှတ် (၃၃၅/က)၊ မြေအကျယ် (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်ရေ (တံုကင်မပါ)၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် စာချုပ်စာတမ်းများဖြင့် တရားဝင်လက်ရှိထား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်ဝင်း (ဘ) ဦးပေါ်ဒင် [၉/မခန(နိုင်)၁၅၀၉၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ မောင်အောင်နိုင်ထွန်း (ဘ) ဦးပရ်မေဆွာရ် [၇/ရတန(နိုင်)၂၀၄၄၇၅]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လီလီနော်ရစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၆၇)**
**အမှတ်(၁၇၁)၊ နေကြာလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## တနင်္သာရီတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)(၃/၂၀၂၄-၂၀၂၅) ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လုပ်ငန်းသုံး စက်/ယန္တရားများဖြစ်သည့် (Mini Excavator with Blade (6.5Ton) (Brand New) (USA/JAPAN) (Model Year-2021 နှင့်အထက်) (Licence အပါ) (၂)စီး ထားဝယ်မြို့အရောက် မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါခေါ်ယူမည် ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | (၅-၆-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | (၁၈-၆-၂၀၂၄)ရက် (အင်္ဂါနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန် | ညနေ (၁၆:၀၀) နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်ရက် | (၂၁-၆-၂၀၂၄)ရက် (သောကြာနေ့) |
| (င) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်အချိန် /နေရာ | နံနက် (၉:၃၀) နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ထားဝယ်မြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၀၂၁၁၁၄၊ ၀၅၉-၂၀၂၃၅၇၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်သိန်း[L/RGN-၀၂၈၈၃၀၊ ၁၂/မဂတ(နိုင်)၀၅၆၉၆၆] အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၉) ရပ်ကွက်၊ ဒူးယား(၈)လမ်း၊ မြေကွက်အမှတ်(၁၀၁၉)၊ ဂရန်မြေအမျိုးအစား အကျယ်အဝန်း(၄၆ပေxပေ ၆၀)မြေကွက်ကြီးထဲမှ (၁၂ ပေxပေ ၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးမင်းလွင်[၆/တဝန(နိုင်)၀၀၈၆၅၀]က လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးမင်းလွင်က ဝန်ခံကတိပြုလျက်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်တော် ဦးချစ်သဲကိုကို[၉/ပဘန(နိုင်)၁၂၁၂၁၇]က စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးချစ်သဲကိုကို**
**[၉/ပဘန(နိုင်)၁၂၁၂၁၇]**
**အမှတ်(၆၃၃/ခ)၊ ၄လွှာ၊ အင်းဝ(၁၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဆက်သွယ်ရန် ။ ။ ဖုန်း -၀၉-၉၅၄၂၆၇၂၂၅၊ ၀၉-၄၂၉၀၆၇၂၂၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၈ လမ်း၊ အမှတ်- ၂၄၄၊ ၂ ခန်းတွဲ ၆ ထပ် အဆောက်အဦ၏ စတုတ္ထထပ်၊ ၅ လွှာ၊ ခြေရင်းခန်း၊ ၁၂.၆ပေx ၅၀ပေခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်နေခြည်နွေး [၁၀/သတန(နိုင်)၁၃၃၂၂၅] ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမျိုးဝင်းဇော် [၁၂/ဒဂရ(နိုင်)၀၀၆၀၇၂] ကိုင်ဆောင်သူနှင့် ဒေါ်ဇာကြည်ထွန်း [၁၂/ဒဂမ(နိုင်)၀၁၃၄၅၉] ကိုင်ဆောင်သူတို့က လက်ရောက် အပြီးအပိုင် ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးဝင်းဇော် နှင့် ဒေါ်ဇာကြည်ထွန်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## စက်ပြင် ဝန်ထမ်းအလိုရှိသည်

၁။ ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်တွင် Yutong, Ankai, Foton ယာဉ်များ ပြင်ဆင်ရန် စက်ပြင် ဝန်ထမ်း (ကျား) (၂၀) ဦး လိုအပ်လျက်ရှိပါသဖြင့် အောက်ဖော်ပြပါ ကျွမ်းကျင်သူများ လာရောက်လျှောက်ထားနိုင်ပါသည်-

- ( က ) အင်ဂျင်၊ ဂီယာဘောက်၊ ကရောင်း ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သူ။
- ( ခ ) ယာဉ်အောက်ပိုင်း ပြုပြင်နိုင်သူ။
- ( ဂ ) ယာဉ်ဝါယာရိန်း ပြုပြင်နိုင်သူ။
- ( ဃ ) မှန်၊ ဆီလီကွန်ထိုးခြင်း၊ မှန်တပ်ဆင်ခြင်း ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သူ။
- ( င ) တာယာဖာခြင်းနှင့် လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းအား ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သူ။

၂။ လျှောက်လွှာနှင့်အတူ ပူးတွဲ တင်ပြရမည့် ကိုယ်ရေးအချက်အလက်များ

- ( က ) အသက် (၁၈) နှစ်မှ (၅၀) နှစ်အတွင်း ဖြစ်ရမည်။
- ( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ (၁ စောင်)
- ( ဂ ) အိမ်ထောင်စုစာရင်း မိတ္တူ (၁ စောင်)
- ( ဃ ) နေထိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံစာ (မူရင်း)
- ( င ) နေထိုင်ရာနယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုဆိုင်ရာ ကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)
- ( စ ) အလုပ်သမား လေဘာကတ်မူရင်းနှင့် မိတ္တူ (၁ စောင်)
- ( ဆ ) တစ်လအတွင်း ရိုက်ကူးထားသော (၁ လက်မခွဲ) ပတ်လည်ဆိုဒ် အပြာခံ ဓာတ်ပုံ (၃) ပုံ
- ( ဇ ) တတ်ကျွမ်းသည့် ပညာရပ်၏ ထောက်ခံချက်မူရင်းနှင့် မိတ္တူ (၁ စောင်)
- ( ဈ ) ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးထောက်ခံချက်ပါရမည်။

၃။ ( ၃၀-၆-၂၀၂၄ ) ရက်နေ့ နောက်ဆုံးလျှောက်ထားပါရန်၊ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာ၊ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| လိပ်စာ | အမှတ်- ၂၉၆၊ သံသုမာလမ်း၊ ၁၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်းနံပါတ် | ၀၉-၅၀၆၅၃၉၃၊ ၀၉-၉၆၇၆၅၇၁၇၀၊ ၀၉-၅၀၆၅၃၉၈ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ ကံမြင့်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၄၉)၊ ကွင်းအမည်-ဝက်ကြီးလဟာကွင်း၊ ဦးပိုင်အမှတ်(၉၅/၆)၊ ဧရိယာ(၄.၀၅)ဧကရှိဦးလှဝင်း အမည်ဖြင့် လုပ်ပိုင်ခွင့်ရှိထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)နှင့် မြေစာရင်းပုံစံ (၁၀၅)ရရှိထားသော လယ်မြေနှင့်

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ ကံမြင့်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၄၉)၊ ကွင်းအမည်-ဝက်ကြီးလဟာကွင်း၊ ဦးပိုင်အမှတ် (၉၅/၁၀)၊ ဧရိယာ (၀.၅၆)ဧက ရှိ ဦးလှဝင်း အမည်ဖြင့် လုပ်ပိုင်ခွင့်ရှိထားသော လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)နှင့် မြေစာရင်းပုံစံ (၁၀၅) ရရှိထားသော လယ်မြေ

ယင်းလယ်မြေကွက်(၂)ကွက်ပေါ်ရှိ လုပ်ပိုင်ခွင့် အကျိုးခံစားခွင့်တို့အား ဦးလှဝင်းထံမှ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို တရားဝင်ဝယ်ယူထားဆဲကာလတွင် ပြန်လည်လွှဲပြောင်းရောင်းချသူ ဦးကချင်ဒရမ်း[၁၂/ဒပန(နိုင်)၀၄၁၄၉၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် လယ်မြေကွက် (၂)ကွက် တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါလယ်မြေကွက် (၂)ကွက် လုပ်ပိုင်ခွင့်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလှဲ့ဝင်း(L.L.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁ ၂)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၃-ရပ်ကွက်၊ ပညာတန်ဆောင် (၂)လမ်း အမှတ်-၂၀၇ ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၂၀၇၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား-နှစ် (၆၀) ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဒေါ်ဥမ္မာအုန်း [၁၂/ကမရ(နိုင်)၀၀၁၀၄၉] ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၅၃၅/၂၀၂၃ (၂၅-၉-၂၀၂၃)ရရှိသူ ဒေါ်ကျန်ဖုန်မင် [၁၃/လရန(နိုင်)၀၆၀၄၉၃]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးဟိန်းစိုး | ဦးသန်းဦး |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅) |

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ်(၁၄) အား ၈-၆-၂၀၂၄ (စနေနေ့) နံနက် (၉:၀၀)နာရီမှ ညနေ (၃:၃၀) နာရီထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ရွှေဆိုင်ပိုင်ရှင်များနှင့် ရွှေလုပ်ငန်းရှင်များအနေဖြင့် အမှတ် (၄၂/၅၀)၊ ပထပ်၊ရွှေဘုံသာ(အောက်) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း-09-450049282/ 09-251992727)သို့ ဆက်သွယ်စုံစမ်းမေးမြန်းပြီး (အခမဲ့) ကြိုတင်လာရောက်လျှောက်ထားနိုင်ပါသည်။

**သင်တန်းဖြစ်မြောက်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၈-ရပ်ကွက်၊ မြေတိုင်း-၆၊ သီရိပန်းခြံ၊ သီရိပန်းခြံ(၂)လမ်း၊ အမှတ်-(၁၈၉/က)ဟုခေါ်တွင်သော အိမ်ခြံမြေ ပေ(၂၀x ၆၀)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ အိမ်ခြံမြေ၏ တရားဝင် အမည်ပေါက်ထွက်ရှိထားသော ဦးမြကြိုင် (TTE-၀၂၀၄၀၂)ထံက အဆင့်ဆင့်ဝယ်ယူထားပြီး ယခုလက်ဝယ်ရရှိ ပိုင်ဆိုင်ထားကာ တရားဝင်ရောင်းချခွင့်ရှိသည်ဟု ဒေါ်မူမူမြင့် [၁၂/သကတ(နိုင်) ၁၇၈၁၂၈]မှ ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးသန့်ဇော်မျိုး [၁၄/မမက(နိုင်) ၁၃၉၈၈၀]က အိမ်ခြံမြေအား ဝယ်ယူရန်အတွက် (၁၉-၅-၂၀၂၄)ရက်နေ့တွင် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက သတင်းစာတွင်ပါရှိသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ် ပါသည်။

**ဦးခင်ဇော်ထွန်း (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၉၉)**
**အမှတ်-၆၁၁(က)၊ ရတနာသီရိလမ်း၊ ၈၂/ ၃၃/ ၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၄၂၀၀၂၉၈၇၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား၊ Junction Square Project၊ မြေတိုင်းရပ်ကွက် (37-G)၊ မြေကွက်အမှတ် (၁Fက/၁-B + ၁G$^{\text{ခ-B}}$ + ၁D$^{3-B}$)၊ မြေဧရိယာ (၁.၂၅၀)ဧကပေါ်တွင် တည်ဆောက်ထားသည့် Crystal Tower အဆောက်အဦအတွင်းရှိ Level- 6၊ Unit Type- (Office- 4)၊ အခန်းအမှတ် (၀၆-၀၄)၊ ဧရိယာ (1967-sqft) ရုံးခန်းနှင့် ကားပါကင် (၀၇၂) တစ်ခုအပါအဝင် ယင်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့် အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ သာတူညီမျှဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီကိုယ်စား ဒါရိုက်တာ ဦးဝင်းဌေး(ခ)စောစွိတွမ်[၁၂/တမန(နိုင်)၀၇၀၄၀၆] ကိုင်ဆောင်သူမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော (၁) ဦးမျိုးမင်းထွဋ် (ဘ) ဦးရွှေထူး၊ မှတ်ပုံတင်အမှတ် [၁၃/နဆန(နိုင်)၀၄၁၇၇၆]၊ (၂) ဒေါ်ယုယုဝင်း (ဘ) (ဦးဟောင်ရှင်းရှောက်) မှတ်ပုံတင်အမှတ် [၉/မဟမ(နိုင်)၀၁၈၄၆၁]တို့မှ သင့်တင့်သောနှုန်းထားဖြင့် အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဖော်ပြပါအခန်းနှင့် ကားပါကင်အား ကျွန်ုပ်မိတ်ဆွေများမှ လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်း တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၂၇၉)**
**အောက်ပုဇွန်တောင်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း- ၀၉-၄၂၂၄၆၅၃၄၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှူနေရပ်ကွက်အမှတ်(၈)၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ်(၂၀၃/က)၊ ဂရန်အမည်ပေါက် ဦးမြင့်အောင် [၁၂/ရတန(နိုင်)၀၁၁၃၆၁]ထံမှ အရောင်းအဝယ်အဆင့်ဆင့်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော ဒေါ်မြတ်မြတ်သူ [၁၂/ရပသ(နိုင်)၀၂၈၆၉၉]မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ဝင်း LL.B, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၁၃)**
**အမှတ်(၁၁၇၇)၊ သုမေ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၄၀၂၅၁၂၉၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ City Loft (CI-A 1) (၇)လွှာ အခန်းအမှတ်(၇၀၇)၊ အကျယ်အဝန်း (၃၁၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ စွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့သည် ဒေါ်မေသက်ခိုင် [၁၂/ကမရ(နိုင်)၀၆၂၀၇၉] အမည်ပေါက် မှတ်သားတည်ရှိသော ကွန်ဒိုတိုက်ခန်းတစ်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံသူဖြစ်သည့် အမည်ပေါက်၏ (မိခင်) ဒေါ်သီတာစန်း[၁၂/မရက (နိုင်)၁၁၀၁၄၇]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်မင်းထိုက်[၁၀/မလမ(နိုင်)၁၇၀၀၇၀] က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၆၁၈၀၅၄၆၊ ၀၉-၄၆၅၉၉၂၃၂**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ် (၃၆/ မန္တလေး)၊ ဦးပိုင်အမှတ် (၁၀၂က)၊ မြေအမျိုးအစား(မြို့မြေ)၊ မြေချိန်ဧရိယာ (၀.၀၄၂)ဧကရှိ အိမ်နှင့်မြေကို ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် မွန်ပြည်နယ်၊ ပေါင်မြို့၊ ရင်းငြိမ်တောင်ကျေးရွာနေ ဒေါ်ဇာနည်စိုး မှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ အဆိုပါအိမ်မြေသည် ဒေါ်နူရ်ဂျန်းဘီ(ခ)သက်ချိုဦး အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခွင့်ရရှိထားသော အိမ်နှင့်မြေဖြစ်ပါသည်။ အဆိုပါအိမ်နှင့် မြေကို လျှောက်ထားသူမှ (၂၈-၃-၂၀၂၄)ရက်နေ့တွင် **“နှစ်ဦးသဘောတူ အိမ်နှင့်မြေ အပြီးအပိုင်အရောင်းအဝယ်မှတ်ပုံတင်ကတိစာချုပ်”**အား စာချုပ် မှတ်ပုံတင်အမှတ်- ၁၅၃/၂၀၂၄ ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် အိမ်နှင့်မြေဖြစ် ပါသည်။ ယခုအခါ လျှောက်ထားသူ ဒေါ်ဇာနည်စိုးမှ ၎င်း၏အမည်သို့ အမည် ပြောင်းလဲရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်ဇာနည်စိုးမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက် အမှတ်(၂၄၈/၁)၊ မြေကွက်တည်နေရာအမှတ် (၂၄၈/၁)၊ ဟသ်ာလမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမြဝင်း(HZA-185485) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြဝင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင် တင်နွယ် [၁၂/ဥကတ(နိုင်)၂၁၄၁၀၀]မှ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၃၂၈/၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင် ကြောင်း မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ ဦးပိုင်(၁၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅) ရပ်ကွက်၊ ဥက္ကာပျံ (၁)လမ်း၊ အမှတ် (၄၈၇/ခ)၊ မြေအကျယ် (၁၅x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက် (ခေါင်းရင်းခြမ်း)၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်လက်ရှိထား ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးသန်း (ဘ) ဦးဝင်းမောင် [၁၂/ဥကမ(နိုင်)၁၄၁၄၅၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေ မငုဝါခိုင် (ဘ) ဦးမြင့်ညိမ်း [၁၄/တလန(နိုင်) ၁၁၃၄၆၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လီလီနောရစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၆၆၇)**
**အမှတ်(၁၇၁)၊ နေကြာလမ်း၊ (၁၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အမှတ် (၈၇၄)ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၈ ၁/၂)ထပ်တိုက်၏ စတုတ္ထထပ်၊ ၅-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း(အလျား ၁၉ x အနံ ၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့် ရှိကြသော ဦးခိုင်ငြိမ်းဝင်း[၁၂/ဗဟန(နိုင်)၀၇၆၅၄၆]၊ ဒေါ်ဇင်မာတင့်[၃/ကကရ (နိုင်)၀၈၁၇၃၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိမ့်ဇာခြည်လွင် [၁၂/ကမရ(နိုင်) ၀၆၂၃၈၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၃၀၇၁၁၄၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

